ဂါရဝေါ စ
တော် မင်္ဂလ မုတ္တမံ။

ရှိသေထိုက်သူကို ရှိသေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့၊ (25-7-2004) (၄၃၀၅)

စက်ခလုတ်နှိပ် ဖွင့်လှစ်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းဆောင်သစ်၏ မော်ကွန်းကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရ၏ဦးဆောင်စီမံမှုဖြင့် ကျောင်းအဆောက်အအုံအသွင်အပြင်များ အဆင့်မြှင့်တင်လျက်ရှိ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာဆည်းပူးနိုင်သည့်နည်းတူ မိဘများလည်း စိတ်ချမ်းသာမှုရရှိ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေတောင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်နှင့် တော်စတာဆောက်လုပ်ရေးတို့က ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းတို့၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ သံမှူးကြီးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

နှစ်ထပ်ကျောင်းဆောင်သစ်

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၅-၇-၂၀၀၄
(တနင်္ဂနွေနေ့)

ခေတ်မီသံရည်ကျိုစက်ရုံများထူထောင် လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ထုတ်လုပ်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းနိုင်စေရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေးစွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၏ စွမ်းအားကို စုစည်းရယူပြီး နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးအတွက် လယ်ယာကဏ္ဍကို အခြေပြု ကြိုးပမ်းလျက်ရှိသည်။ အလားတူ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းရာတွင် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၄)ကို ဇူလိုင်လ ၂၀ ရက်နေ့က အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာ့စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် **သေချာသော ပြည်တွင်းပြည်ပဈေးကွက်ခိုင်ခိုင်မာမာရှိနေသဖြင့် သံထည်လုပ်ငန်းဖွံ့ဖြိုးမှုကို အခြေခံပြီး မြန်မာ့စက်မှုလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ကြောင်း၊ ခေတ်မီသံရည်ကျိုလုပ်ငန်းကို အခြေပြု၍ စက်မှုလယ်ယာလုပ်ငန်းအတွက် လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများ ပိုမိုတိုးချဲ့ထုတ်လုပ်သွားနိုင်အောင် ယခုကတည်းကပင် ကြိုးပမ်းစီစဉ်သွားကြရမှာဖြစ်ကြောင်း** ပြောကြားခဲ့သည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များတည်ထောင်ပေးခြင်းတို့ကို ကူညီအားပေးလျက်ရှိရာ ယခုအခါ စက်မှုဇုန် ၁၉ ဇုန်အထိ ဖွဲ့စည်းဖြစ်ပေါ်လျက်ရှိနေပြီဖြစ်သည်။ ယင်းသို့တည်ထောင်ပြီး စက်မှုဇုန်များအနက် ရန်ကုန်၊ မန္တလေးစက်မှုဇုန်များနှင့် မုံရွာစက်မှုဇုန်၊ တောင်ကြီး အေးသာယာ စက်မှုဇုန်တို့သည် လုပ်ငန်းများ အရှိန်အဟုန်ရလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်၏ ပံ့ပိုးအထောက်အကူပြုမှုဖြင့် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း ပုံထောင်းစက်ရုံများ ထူထောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စက်မှုဇုန်များ၏ သံရည်ကျို သံထည်စက်မှုလုပ်ငန်းများကို လေ့လာသောအခါ လုပ်ငန်းအများစုမှာ မိရိုးဖလာလုပ်ငန်းများဖြစ်သဖြင့် ကုန်ကြမ်းအရည်အသွေးမမီခြင်း၊ လိုအပ်သော ဓာတ်ကူပစ္စည်းများ ပြည့်စုံစွာမသုံးနိုင်ခြင်း၊ အရည်အသွေး စစ်ဆေးမှုမရှိခြင်းတို့ကြောင့် ထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်တွင်း၌သာ သုံးစွဲနေရသည်ကို တွေ့ရသည်။

ထို့ကြောင့် ပြည်တွင်းသုံးစွဲရေးအတွက်သာမက ပြည်ပတင်ပို့နိုင်သည်အထိ ထုတ်လုပ်နိုင်ရေး၊ ခေတ်မီ သံရည်ကျိုလုပ်ငန်း စက်ရုံများကို လျင်မြန်စွာထူထောင်ပြီး စက်စွမ်းအားအပြည့် ထုတ်လုပ်အသုံးချနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ အထူးသဖြင့် စက်မှုလယ်ယာလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော လယ်ယာသုံးစက်ကိရိယာများ ယခုထက် ပိုမိုထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလယ်ယာ ကျယ်ပြန့်စွာ ဖြစ်ပေါ်လာရေးတို့အတွက် အလေးထားအားပေးလျက်ရှိချိန်တွင် စက်မှုဇုန်များအနေဖြင့် ခေတ်မီသံရည်ကျိုလုပ်ငန်း စက်ရုံများထူထောင်ပြီး လယ်ယာလုပ်ငန်းခွင်သုံး စက်ပစ္စည်းကိရိယာများ၊ စက်မှုလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ တိုးချဲ့ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့၏ အမျိုးသမီးများအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် သဃ်န်းကျွန်းမြို့နယ်ရှိ ပညာရေးကောလိပ်၌ကျင်းပသည်။ ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးသက်၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များနှင့် အဖွဲ့ဝင်များ၊ ဟောပြောသူ ဆရာဝန်ကြီးများနှင့် ပညာရေးကောလိပ်မှ ဆရာမများနှင့်ဆရာမလောင်းများ စုစုပေါင်း၄၅၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အမှာစကား ပြောကြားသည်။

ထို့နောက် နှလုံးရောဂါနှင့်သွေးတိုးရောဂါအကြောင်းကို ပါမောက္ခဒေါက်တာ ဒေါ်ခင်မေစန်းကလည်းကောင်း၊ ဆီးချိုရောဂါအကြောင်းကို တွဲဖက်ပါမောက္ခ ဒေါက်တာဦးတင့်ဆွေလတ်ကလည်းကောင်း၊ ကင်ဆာရောဂါအကြောင်းကို ပါမောက္ခ ဒေါက်တာဒေါ်သီတာစန်းကလည်းကောင်း ဟောပြောကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် သဃ်န်းကျွန်းမြို့နယ် ပညာရေးကောလိပ်၌ကျင်းပသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့၏ အမျိုးသမီးများအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ် ဇူလိုင်လအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၅-၇-၂၀၀၄) ရက်

၂၀၀၄ ခုနှစ်၊ ဩဂုတ်လအတွက်
(၁၅-၈-၂၀၀၄)ရက်နှင့် (၂၉-၈-၂၀၀၄)ရက်

ကမာရွတ် အမက(၂)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ကမာရွတ်မြို့နယ်အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင်၁၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်း**(အောက်ပုံ)**နှင့် ကမာရွတ်မြို့နယ် ပညာရေးမှူးဒေါ်တင်တင်မြတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားအတည်ပြုပြီး အမှုဆောင်ဟောင်းများ နုတ်ထွက်ခြင်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ခြင်း၊ မိဘများက အကြံပြုတင်ပြ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

ရေဒီယိုအစီအစဉ်
ကလေးများသီချင်းဆိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ သီချင်းဆိုပြိုင်ပွဲကို ဇူလိုင် ၂၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(ဘီ)၌ကျင်းပရာ ပထမဆုကို အထက(၆)ဗိုလ်တထောင်၊ ဒုတိယဆုကို အထက(၂)ရန်ကင်း၊ တတိယဆုကို အထက(၁)ဒဂုံ၊ နှစ်သိမ့်ဆုကို အထက(၃)မင်္ဂလာတောင်ညွန့်တို့က ရရှိကြသည်။

ဆုရရှိသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများ ပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များကလည်း အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်နယ်/ တိုင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ အသံလွှင့်ကြေညာပေးမည်

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများအနက်မှ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ပြည်နယ်နှင့် တိုင်းများရှိ စာစစ်ဌာနများမှ အောင်စာရင်းများကို မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ဇူလိုင်၂၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် ၄၁ ဒသမ ၇၅မီတာမှ အသံလွှင့်ကြေညာပေးမည်ဖြစ်သည်။

ထိုသို့ကြေညာရာတွင် ကချင်ပြည်နယ်မှ တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ဆွမ်ပရာဘွမ်နှင့် ချီဖွေ၊ ကရင်ပြည်နယ်မှ ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း၊ ချင်းပြည်နယ်မှ ကန်ပက်လက်၊ မတူပီ၊မင်းတပ်နှင့်ပလက်ဝ၊ ရခိုင်ပြည်နယ်မှ ဂွ၊ကျိုက်လီ၊ အမ်း၊ မာန်အောင်နှင့်ဇရပ်ကုန်းခင်၊ ရှမ်းပြည်နယ်မှ မိုးမိတ်၊ နမ့်ဆန်(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ မိုင်းရှူးနှင့်မန်တုံ၊ တနင်္သာရီတိုင်းမှ ပုလော၊ ဘုတ်ပြင်းနှင့်ပလ၊မကွေးတိုင်းမှ ပေါက်၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ၊ စစ်ကိုင်းတိုင်းမှ နန်းယွန်း၊ လေရှီး၊ လဟယ်၊ ရန်ကုန်တိုင်းမှ ကိုကိုးကျွန်း စသည့်စာစစ်ဌာနများကို ကြေညာပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ဘဂ္ဂဒက်မြို့ ရဲစခန်း တိုက်ခိုက်ခံရ၊ ကိုးဦးသေဆုံးပြီး ၆၂ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂၃

ပြီးခဲ့သော တနင်္လာနေ့နံနက်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင် ၃၀၀ ခန့်သည် တာဝန်အလွှဲအပြောင်းလုပ်ရန် စခန်းအတွင်းရှိ ကားများရပ်နားရာနေရာတွင် စုရုံးရောက်ရှိနေကြသည်။ ထိုအချိန်တွင် အဖြူရောင် လောင်စာဆီတင်ထရပ်ကားတစ်စီးသည် လမ်းအတွင်းမှလိုမ့်ဆင်းလာပြီး စခန်း၏အုတ်နံရံကိုဝင်တိုက်ကာ ပေါက်ကွဲသွားသည်။

ထိုကားလိုမ့်ဆင်းလာပြီး ပေါက်ကွဲမှုဖြစ်ပွားသောအချိန်သည် ရဲတပ်ဖွဲ့ဝင်များ စုရုံးရောက်ရှိချိန်နှင့် အချိန်ကိုက်ဖြစ်နေသည့်အတွက် အတွင်းရှိ လုပ်ငန်းစဉ်များကို သိရှိနေသည့်သဘောရှိကြောင်း တွေ့ရသည်ဟု ဆိုသည်။ ပေါက်ကွဲမှုကြောင့် ရဲသားနှစ်ဦးအပါအဝင် အီရတ် ကိုးဦး သေဆုံးသွားပြီးနောက်ထပ် လူ ၆၂ ဦး ဒဏ်ရာရရှိသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှလာသော သတင်းများအရ သိရသည်။

အသက်ဆုံးရှုံး

ယခုဗုံးပေါက်ကွဲမှုသည် ပြီးခဲ့သောသီတင်းပတ်အတွင်း၌ ဖြစ်ပွားသော ငါးကြိမ်မြောက် ကားဗုံးပေါက်ကွဲမှုဖြစ်သည်။ ထိုပေါက်ကွဲမှုများအနက် တစ်ကြိမ်မှာ တရားရေးဝန်ကြီးကို တိုက်ခိုက်ခြင်းဖြစ်ပြီး ဝန်ကြီးမှာ သီသီကလေးလွတ်သွားသည်။ သို့သော် သက်တော်စောင့်လုံခြုံရေး ငါးဦး သေဆုံးခဲ့ရသည်။ အီရတ် ကြားဖြတ်အစိုးရရုံးစိုက်ရာ ဝင်းအပြင်ဘက်၌လည်း ဖောက်ခွဲခံရရာ လူ၁၁ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ပြသ

အီရတ် ကြားဖြတ်အစိုးရလက်သို့ အမေရိကန်တို့က အုပ်ချုပ်ရေး အာဏာကို ဇွန် ၂၈ ရက်က လွှဲအပ်ပေးခဲ့သည်။ ထို့နောက်ပိုင်းတွင် အခြေအနေမှာ အတန်ငယ်အေးသွားသလို ရှိနေခဲ့သည်။ သို့ရာတွင် ဆက်လက်ဖြစ်ပွားနေသော တိုက်ခိုက်မှုများက ခုခံရေးသမားများသည် အလျှော့မပေးဘဲ ဆက်လက် တိုက်ခိုက်မည်ဆိုသော သဘောကို ပြသလျက်ရှိသည်ဟု ဆိုသည်။

ပြီးခဲ့သော တနင်္လာနေ့တွင် အခြားတိုက်ခိုက်မှုတစ်ခု လည်းဖြစ်ပွားခဲ့သေးသည်။ ကားအတွင်းမှ သေနတ်ဖြင့် ပစ်ပြေးပြေးသော အဆိုပါ တိုက်ခိုက်မှုကြောင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ထိပ်ပိုင်းအရာရှိတစ်ဦး သေဆုံးသွားသည်။

ယူဆရ

ခုခံရေးသမားများသည် အခြေအနေ လုံခြုံအေးချမ်းလာသည်ကို လိုလားကြဟန်မရှိဘဲ ဆက်လက်၍ မငြိမ်မသက်ဖြစ်နေသည်ကို လိုလားကြသည်ဟု ယူဆရကြောင်း ရဲအရာရှိ ဟာသမ်ဖော်ဇီက ပြောကြားသည်။ ဖော်ဇီသည် ဒဏ်ရာရနေသော လုပ်ဖော်ကိုင်ဖက်များအကြားတွင် ရပ်နေစဉ် အဆိုပါ စကားများကို ပြောကြားခဲ့ခြင်းဖြစ်၏။

တွေ့မြင်ရ

ရဲအရာရှိငယ်များမှာ တိုက်ခိုက်ခံရသည့်အတွက် ပါးစပ်အဟောင်းသားနှင့် ကြောင်တောင်တောင်ဖြစ်နေသည်ကိုတွေ့ရသော်လည်း အချို့မှာ ၎င်းတို့၏တာဝန်ကို စိတ်ခိုင်ခိုင်ဖြင့် ဆက်လက်ဆောင်ရွက်မည့်လက္ခဏာရှိသည်ကို တွေ့မြင်ရသည်ဟုဆိုသည်။

ယခုဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုကြောင့် မိမိတို့ တုန်လှုပ်မသွားပါဟု ရဲတပ်ကြပ်ကြီး ရာဆာဒ်က ပြောကြားသည်။ ၎င်းမှာ ပေါက်ကွဲမှုကြောင့် ခြေထောက်တွင် ဒဏ်ရာရရှိသွားပြီး ဆေးရုံမှ အနိုင်နိုင် လမ်းလျှောက်၍ ဆင်းလာရင်း အထက်ပါစကားကို ပြောကြားသွားခြင်းဖြစ်သည်။

ထွက်ပြေး

ဇူလိုင်လအတွင်း ရဲစခန်း တိုက်ခိုက်ခံရသည့်အဖြစ်အပျက်နှင့် အောက်တိုဘာလအတွင်း အလားတူ အတိုက်အခိုက်ခံရသည့် အဖြစ်အပျက်နှစ်ခုတို့သည် အတော်ကြီးကွာခြားသည်။ အောက်တိုဘာလအတွင်း အတိုက်ခိုက်ခံရစဉ်က ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာမှ စွန့်ခွာထွက်ပြေးသွားခဲ့ကြသည်။ သို့ရာတွင် ယခုအခြေအနေ၌မူ ရဲတပ်ဖွဲ့ဝင်များသည် အတော် အတွေ့အကြုံ ရင့်ကျက်လာသည့်လက္ခဏာကို တွေ့ကြရသည်ဟု ဆိုသည်။

ပေကျံ

အတိုက်ခိုက်ခံရသော ရဲစခန်းမှာ ဘဂ္ဂဒက်မြို့ရှိ အလ်ဘာယားခေါ် အကြီးဆုံးရဲစခန်းဖြစ်သည်။ ပေါက်ကွဲမှုအရှိန်ကြောင့် နှစ်ထပ်ရဲစခန်း အဆောက်အအုံရှိ တံခါးမှ မှန်ပြသတင်းများအားလုံးမှာ လွင့်စဉ်ပျက်စီးကုန်ပြီး ကြမ်းခင်းမှာလည်း သွေးများဖြင့် ပေကျံလျက်ရှိသည်။

ပျက်စီး

ဗုံးပေါက်ကွဲသွားသော နေရာတွင် ဈေးမကျောင်းကြီး ဖြစ်ကျန်ရစ်သည်။ ကျောင်းကြီး၏နံဘေးရှိ ရဲမော်တော်ယာဉ်တို့မှာ ပျက်စီးကုန်ပြီး အချို့မှာ မမှတ်မိနိုင်လောက်အောင် ကောက်ကွေးတွန့်လိမ်သွားသည်ဟု ဆိုသည်။ ထိုရဲစခန်းအတွင်းတွင် အမေရိကန်စစ်ရဲများလည်း အလုပ်လုပ်ကြသော်လည်း ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အမေရိကန်စစ်ရဲများ မရှိကြကြောင်း သိရသည်။ ***အင်တာနက်။***

ခေါင်းကြပ်

ဇူလိုင် ၁၄ ရက်က ဘဂ္ဂဒက်မြို့ ကားဗုံးပေါက်ကွဲရာ နေရာတွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၏ လုံခြုံရေးနှင့်တည်ငြိမ်ရေး အိမ်နီးချင်းနိုင်ငံများကူညီရန် လိုအပ်

ကိုင်ရို ဇူလိုင် ၂၃

အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် အခြေအနေတည်ငြိမ်လာရေးအတွက် အိမ်နီးချင်းနိုင်ငံများထံမှ အကူအညီများရယူရန်လိုအပ်လျက်ရှိကြောင်း အီဂျစ်နိုင်ငံသို့ အလည်အပတ်ရောက်လျက်ရှိနေသော ဟိုရှိယားအယ်လ်ဇီဘာရီက ပြောကြားသည်။ ၎င်းသည် အီရတ်နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။

အီဂျစ်နိုင်ငံတွင် ဇီဘာရီသည် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အာဘီလ်ဂီအစ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့တွေ့ဆုံရာ၌ အီရတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း၊ အီရတ်နိုင်ငံ၏ တည်ငြိမ်ရေးကို အာမခံနိုင်မည့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေရန် ကြိုးပမ်းခြင်းသာ ဖြစ်ကြောင်းဖြင့် ဇီဘာရီက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဆွေးနွေး

နှစ်နိုင်ငံဆွေးနွေးရာ၌ အီရတ်၏ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့များတွင် အီဂျစ်နိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ပေးနိုင်စရာအကြောင်း ရှိ၊ မရှိကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အီရတ်မှ နိုင်ငံခြားတပ်ဖွဲ့များ ထွက်ခွာသွားသောအခါ ထိုနေရာသို့ အာရပ်နိုင်ငံများမှ တပ်ဖွဲ့များဝင်ရောက် တာဝန်ယူနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်ဟု ဇီဘာရီက ဆိုသည်။

သွားရောက်

အီရတ်အရေးကိစ္စတွင် ဆီးရီးယားနိုင်ငံပါဝင်လာရေးနှင့် ပတ်သက်၍လည်း မေးမြန်းခဲ့ကြသည်။ ထိုအခါ လုံခြုံရေးဆိုင်ရာ ပူးပေါင်းမြှင့်တင်ရေးကိစ္စများ ဆွေးနွေးရန် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ အီရတ်နိုင်ငံမှ ကျွမ်းကျင်သူ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့မကြာသေးမီက သွားရောက်ခဲ့ကြကြောင်း ထိပ်တန်းသံတမန်က ပြန်လည်ဖြေကြားသွားသည်။

အီရတ်နိုင်ငံသည် မိမိနိုင်ငံ၏ လုံခြုံရေးနှင့်ပတ်သက်၍ မည်သည့်နိုင်ငံကိုမျှ စွပ်စွဲခဲ့ခြင်းမရှိ။ သို့ရာတွင် လုံခြုံရေးကိစ္စများတွင် အိမ်နီးချင်းနိုင်ငံများ ပူးပေါင်းပါဝင်လာရေးကိုသာ မျှော်မှန်းခြင်းဖြစ်သည်ဟု ဇီဘာရီက ဆိုသည်။

စည်းဝေးမည်

အီရတ် အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် လုံခြုံရေးနှင့် တည်ငြိမ်ရေးကိစ္စများတွင် မည်သို့ပါဝင် ကူညီနိုင်မည်ဆိုသော နည်းလမ်းများကို စည်းဝေးရှာဖွေကြမည်ဖြစ်သည်။

ယခုအခါ အီရတ်နိုင်ငံ လုံခြုံရေးနှင့် တည်ငြိမ်ရေးအခြေအနေများမှာ ဆိုးရွားလာလျက်ရှိသည်။

ဆော်ဒီအာရေဗျ၊ ဂျော်ဒန်၊ ဆီးရီးယား၊ ကူဝိတ်၊ တူရကီ၊ အီရန်နှင့် အီဂျစ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအပြင် ကုလသမဂ္ဂ အထူးသံတမန် လက်ဒါးဘရာဟီမီနှင့် ဥရောပသမဂ္ဂမှ နိုင်ငံခြားရေးမူဝါဒ အကြီးအကဲ ဂျာဗီယားဆိုလာနာတို့သည် အီရတ်နိုင်ငံ၏ လုံခြုံရေးကိစ္စများကို ဆွေးနွေးကြရာ၌ ပါဝင်ကြမည်ဖြစ်သည်။ အီရတ်နိုင်ငံ၏ လက်တွေ့လုံခြုံရေးအခြေအနေများ ဆိုးရွားလာချိန်တွင် အီဂျစ်နိုင်ငံသို့ အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇီဘာရီ သွားရောက်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အသတ်ခံရ

မကြာသေးမီအချိန်တွင် အီရတ်နိုင်ငံတောင်ပိုင်း၏ ဘာဆရာတွင် မြို့၏ ကြားဖြတ်အုပ်ချုပ်ရေးမှူး ဟာဇမ်အလ်အိုင်နာဂျီမှာ အမည်မသိသူ သေနတ်သမားများ၏ လုပ်ကြံခြင်းကို ခံခဲ့ရကြောင်းသိရသည်။ ၎င်းမှာ အလုပ်သို့သွားစဉ် အသတ်ခံရခြင်းဖြစ်၏။

အီရတ် ကြားဖြတ်အစိုးရသည် ဆုံးဖြတ်ချက်များကို ချမှတ်လုပ်ဆောင်ရာ၌ လွတ်လပ်စွာချမှတ် လုပ်ဆောင်လျက်ရှိသည်ဆိုသောအချက်ကို ပြည်သူများ လက်ခံယုံကြည်လာအောင် လုပ်ဆောင်ပြသသွားရမည်ဖြစ်ကြောင်း ဇီဘာရီက သတင်းထောက်များကို ပြောကြားသွားသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ဇူလိုင် ၁၈ ရက်က လာတီဖီယာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်မှ ဂျပန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် အဘူမူဆာအယ်ဇာကာဝီ တိုက်တွန်း

ဒူဘိုင်း ဇူလိုင် ၂၃

ဂျပန်နိုင်ငံအနေဖြင့် အီရတ်ရှိ ဂျပန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရမည် သို့မဟုတ်ပါက တိုက်ခိုက်ခံရမည်ဖြစ်ကြောင်းဖြင့် အဘူမူဆာအယ်ဇာကာဝီက သတိပေးထားကြောင်း ကွန်ပျူတာအင်တာနက်ပေါ်မှ အင်္ဂါနေ့တွင် တွေ့ရှိရသည်။

ဤသည်မှာ ဂျပန်အစိုးရအား ဦးတည်ရည်ရွယ်ကြောင်း၊ မည်သူမျှ ကူညီနိုင်မည် မဟုတ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဲ့သို့ ဆောင်ရွက်ပါရန် တိုက်တွန်းကြောင်း၊ သို့မဟုတ်ပါက အမေရိကန်များနှင့် အပေါင်းပါများကဲ့သို့ ခံကြရမည်ဖြစ်ကြောင်းဖြင့် ဇာကာဝီက နှိုးဆော်လိုက်သည်။ မွတ်စလင်နှင့် အာရပ်နိုင်ငံများအနေဖြင့် အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ခြင်း မပြုရန်၊ သို့မဟုတ် အမေရိကန်နှင့် အပေါင်းပါများနှင့် အီရတ်ဝန်ကြီးချုပ် ဇာကာဝီ၏ အစိုးရကို ထောက်ခံအားပေးခြင်းမပြုကြရန်လည်း အဘူမူဆာအယ်ဇာကာဝီက သတိပေးထားသည်။ အလားတူ အီရတ်၌ လုပ်ကိုင်နေကြသော အာရပ်နှင့် မွတ်စလင်ကုမ္ပဏီများအားလည်း သတိပေးထားသည်။

ဤတိုက်တွန်းချက်သည် အထူးသဖြင့် ပါကစ္စတန်၊ ဂျော်ဒန်၊ တူရကီ၊ အီရန် ပင်လယ်ကွေ့နိုင်ငံများနှင့် အရှေ့ဘက်ပိုင်းနိုင်ငံများ အင်ဒိုနီးရှား၊ မလေးရှားနှင့် မွတ်စလင်နိုင်ငံအားလုံးသို့ ရည်ရွယ်ပါကြောင်းဖြင့် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စပိန်စကားပြော မဲဆန္ဒရှင်များက ဘုရှ်ထက် ကယ်ရီကို ပိုမိုထောက်ခံ

ဝါရှင်တန် ဇူလိုင် ၂၃

စပိန်စကားပြော လက်တင်အမေရိကနိုင်ငံသား မဲဆန္ဒရှင်များက သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်ထက်ပို၍ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဂျွန်ကယ်ရီအား လိုက်လိုက်လှဲလှဲ နှစ်ခြိုက်ကြကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ကြေညာသည့် လူထုသဘောထား စစ်တမ်းတစ်ရပ်အရ သိရှိရသည်။

နိုဝင်ဘာလတွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် မည်သူ့အား မဲပေးမည်နည်းဟု မေးမြန်းရာတွင် ၆၀ ရာနှုန်းသောပြည်သူလူထုက ဂျွန်ကယ်ရီအား ရွေးချယ်မဲပေးမည်ဟု ပြောကြားကြပြီး ၃၀ ရာနှုန်းက ဘုရှ်အား မဲပေးမည်ဟု ပြောကြားကြကြောင်း အဆိုပါစစ်တမ်းအရ သိရှိရသည်။

စုံစမ်းမေးမြန်း

စပိန်စကားပြော လက်တင်အမေရိကနိုင်ငံသား ၁၆၀၅ ဦးအား ဇူလိုင် ၆ရက်မှ ၁၆ ရက်အတွင်း ဝါရှင်တန်ပို့စ်သတင်းစာ၊ စပိန်ဘာသာဖြင့် ထုတ်လွှင့်သည့် ရုပ်မြင်သံကြားကွန်ရက်နှင့် တိုမက်စ်ရီဗာရာမူဝါဒ ချမှတ်ရေးဌာနတို့က စုံစမ်းမေးမြန်းခဲ့ခြင်းဖြစ်သည်။

၅၄ ရာနှုန်းသော ပြည်သူတို့က ရီပတ်ဘလီကင်သမ္မတ ဘုရှ်လုပ်ကိုင်နေသည့် လမ်းစဉ်များကို သဘောမတူကြောင်း ပြောကြားကြပြီး ၆၂ရာနှုန်းက အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းနေမှုများကို ကန့်ကွက်ကြောင်း ပြောကြားကြသည်။

မထောက်ခံ

၆၀ရာနှုန်းသော ပြည်သူတို့က ဘုရှ်ကိုင်တွယ်ဖြေရှင်းနေသည့် စီးပွားရေးမူဝါဒများကို သဘောတူထောက်ခံမှုမရှိကြောင်း ပြောကြားကြသည်။

အီရတ်နိုင်ငံအခြေအနေ ပိုမိုကောင်းမွန်စေရန် ကိုင်တွယ်ဖြေရှင်းရာတွင် မည်သူ့အား ယုံကြည်မှုရှိပါသနည်းဟု လေ့လာသူများကမေးမြန်းရာ စပိန်စကားပြော လက်တင်အမေရိကနိုင်ငံသား မဲဆန္ဒရှင်များက ဂျွန်ကယ်ရီကို ၄၅ ရာနှုန်းက ကြိုက်ကြပြီး ဘုရှ်ကို ၃၄ ရာနှုန်းက ကြိုက်ကြသည်ဟုဆိုသည်။

စီးပွားရေး ပိုမိုကောင်းမွန်စေရေးအတွက် ကိုင်တွယ်ရာတွင် ဂျွန်ကယ်ရီအား ၅၃ ရာနှုန်းသော ပြည်သူများက ယုံကြည်ကြသည်ဟု အဆိုပါစစ်တမ်းက ဖော်ပြသည်။

အကျိုးမပြု

၆၃ ရာနှုန်းသော ပြည်သူလူထုက အီရတ်စစ်ပွဲ မတိုက်သင့်ကြောင်း ပြောကြားကြပြီး ၅၀ ရာနှုန်းနီးပါးရှိ ပြည်သူက အီရတ်စစ်ပွဲက အမေရိကန်ပြည်ထောင်စုအတွက် ရေရှည်လုံခြုံရေးအတွက် အကျိုးမပြုနိုင်ကြောင်း ပြောကြားကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကင်းလှည့်

ဇူလိုင် ၂၂ရက်က ဘဂ္ဂဒက်မြို့လယ် ဟိုင်ဖာလမ်းမတွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဘုရှ်အစိုးရသည် မာဖီးယား လူဆိုးဂိုဏ်းတစ်ခုဖြစ်ကြောင်း ဗင်နီဇွဲလား သမ္မတ ချာဗက်ဇ် ဝေဖန်

ကရာကာ့စ် ဇူလိုင် ၂၃

အမေရိကန်သမ္မတဘုရှ်ဦးဆောင်သည့် အစိုးရအဖွဲ့မှာ မာဖီးယားလူဆိုးဂိုဏ်းတစ်ခုပင်ဖြစ်ကြောင်းဖြင့် ဗင်နီဇွဲလားသမ္မတချာဗက်ဇ်က တနင်္ဂနွေနေ့တွင် ပြင်းထန်စွာ ဝေဖန်လိုက်သည်။

ဝေဖန်

သမ္မတဘုရှ်မှာ သူ့လူတစ်သိုက်နှင့်အတူ တစ်ကမ္ဘာလုံးကို ထိန်းချုပ်ရန် မည်သို့မည်ပုံ ကြိုးပမ်းသည်ကို ပြည်သူများမြင်တွေ့နိုင်ကြောင်း၊ သမ္မတဘုရှ်တို့တစ်သိုက်သည် မိမိအနေဖြင့် အခြားနှိုင်းယှဉ်ဖော်ပြရန် ရှာမတွေ့ဘဲမာဖီးယားဂိုဏ်းတစ်ခု၊ လူသတ်သမားများစုစည်းသည့် တကယ့်မာဖီးယား ဂိုဏ်းသာဖြစ်ကြောင်း ဖာရင်ဟိုက်၉/၁၁ရုပ်ရှင်ကိုသမ္မတချာဗက်ဇ်ကဝေဖန်လိုက်သည်။

မစွမ်းဆောင်နိုင်

မိမိ၏အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အတည်ပြုရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန် ဗင်နီဇွဲလား အတိုက်အခံများနှင့် ဝါရှင်တန်ရှိ သူတို့၏ ဆရာသမားများက ဩဂုတ်လ၁၂ရက်တွင် ပြုလုပ်ရန် သတ်မှတ်ပေးကြောင်း၊ သူတို့ လိုလားသလို မစွမ်းဆောင်နိုင်သည်ကို သိလာသည့်အတွက် သူတို့တစ်တွေသည်ဆင်ကန်းတောတိုးဖြစ်လာကြောင်းဖြင့်သမ္မတချာဗက်က ပြောဆိုသည်။

ဩဂုတ် ၁၅ ရက် ပြည်သူ့ဆန္ဒခံယူပွဲ မကျင်းပမီ ဇူလိုင်လစောစောပိုင်းကပင် သမ္မတချာဗက်ဇ်က အမေရိကန်အစိုးရအပေါ် ပိုမိုထိုးနှက်ပြောကြားလာသည်။ သူ၏ တကယ့်နိုင်ငံရေးရန်သူမှာ ဗင်နီဇွဲလား အတိုက်အခံတို့မဟုတ်ဘဲ အမေရိကန်သမ္မတဘုရှ်သာဖြစ်ကြောင်း ပြောကြားလိုက်သည်၊***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နှင့်အာဖဂန် အကျဉ်းသား ၁၀၀နီးပါးအပေါ် ကန်စစ်ဘက်က မဖွယ်မရာပြုခဲ့ကြောင်း ထပ်မံစစ်ဆေးတွေ့ရှိ

ဝါရှင်တန် ဇူလိုင် ၂၃

အီရတ်နှင့်အာဖဂန်ရှိ အကျဉ်းသားများအပေါ် ညှဉ်းပန်းမှုနှင့်ပတ်သက်သော ပြဿနာကို လေ့လာအစီရင်ခံထားသော အစီရင်ခံစာမှာ ယမန်နေ့က ထွက်ပေါ်လာသည်။ ထိုအစီရင်ခံစာတွင် အကျဉ်းသား ၉၄ဦးတို့အပေါ် မဖွယ်မရာပြုခဲ့ကြောင်း ဖော်ထုတ်သိရှိခဲ့ရသည်ဟု တင်ပြထားသည်။ အစီရင်ခံစာက ထိုဖြစ်ရပ်များနှင့်ပတ်သက်၍ အချို့သောတပ်ဖွဲ့ဝင်များအပေါ်တွင် အပြစ်ဆိုထားပြီး စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်ပိုင်းကို တစ်စုံတစ်ရာအပြစ်ဆိုထားခြင်းမရှိသည်ကို တွေ့ရသည်။ အစီရင်ခံစာပါ ဖော်ပြချက်များအပေါ် ဒီမိုကရက်တစ် အထက်လွှတ်တော်ကိုယ်စားလှယ်များ မယုံနိုင်အောင်ဖြစ်နေကြသည်ဟု ဆိုသည်။

အီရတ်နှင့်အာဖဂန်နစ္စတန်ရှိ အကျဉ်းသားများအပေါ် ထိန်းသိမ်းမှုနှင့် စစ်ဆေးမေးမြန်းမှုကိစ္စများနှင့်ပတ်သက်၍ စစ်ဘက်ဆိုင်ရာအရာရှိများက လေ့လာအစီရင်ခံတင်ပြထားခြင်းဖြစ်သည်။ အဘူဂါရိပ်အကျဉ်းသားများကို ကိုယ်ကာယပိုင်းဆိုင်ရာ ညှဉ်းပန်းမှု၊ လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုမှုများကို ပြန်လည်လေ့လာစိစစ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ စိစစ်ရာတွင် အကျဉ်းသားသုံးဒါဇင်တို့ သေဆုံးရမှုလည်းပါဝင်သည်။

ထွက်ဆို

အဆိုပါ အစီရင်ခံစာကို ဗိုလ်မှူးချုပ်ပေါလ်မီကိုလာရှက်က ဦးဆောင်၍ ပြုစုခြင်းဖြစ်သည်။ ၎င်းသည် တပ်မတော်စစ်ဆေးရေးအရာရှိချုပ်ဖြစ်သည်။ မီကိုလာရှက်သည် အစီရင်ခံစာနှင့်ပတ်သက်၍ အထက်လွှတ်တော်လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာကော်မတီရှေ့မှောက်တွင် ထွက်ဆိုခဲ့ရသည်။ ထိုသို့ထွက်ဆိုရာ၌ လေ့လာတွေ့ရှိရသော အားနည်းချက်၊နှစ်ခွနှစ်မျိုးအဓိပ္ပာယ်ရသော မူဝါဒများနှင့် တာဝန်ပိုင်းဆိုင်ရာအရ ခွဲခြားကြရာ၌ ပြတ်သားမှုမရှိသောကိစ္စများကို ထွက်ဆိုသွားသည်ဟုဆိုသည်။ ထို့အပြင် အစီရင်ခံစာတွင် အကျဉ်းသားများ ထိန်းသိမ်းမှုစစ်ဆေးမှု ဆိုင်ရာစနစ်များနှင့်စပ်လျဉ်းသော အားနည်းချက်များကိုမူ ဖော်ထုတ်ထားခြင်းမရှိကြောင်းသိရသည်။ ဒီမိုကရက်တစ်ဥပဒေပြုကိုယ်စားလှယ်များက အဆိုပါအစီရင်ခံစာက စစ်ဘက်ဆိုင်ရာစနစ်၏ အားနည်းချက်အပိုင်းကို လေ့လာဖော်ထုတ်ထားခြင်းမရှိသည့်အတွက် အပြစ်တင်ခဲ့ကြသည်။ စစ်ဘက်အကြီးအကဲများသည် အဘူဂါရိပ် အကျဉ်းစခန်းတွင် ကိုယ်ထိလက်ရောက်ညှဉ်းဆဲမှုများ၊ လိင်အရ မတော်မလျော်ပြုလုပ်မှုများရှိနေကြောင်း သိရှိခဲ့ရပြီးနောက် ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ထိုကိစ္စကိုစိစစ်လေ့လာအပြီး အစီရင်ခံစာတင်ပြရန် ညွှန်ကြားခဲ့ခြင်း ဖြစ်သည်။

ပါရှိ

ယခုအစီရင်ခံစာအပြင် အကျဉ်းသားများနှင့်ပတ်သက်သောကိစ္စကို လေ့လာတင်ပြထားသော ဗိုလ်ချုပ်အင်တိုနီယိုတာဂူဘား၏ အဘူဂါရိပ်အကျဉ်းစခန်းလေ့လာချက်အစီရင်ခံစာလည်းရှိသေးသည်။ ထိုအစီရင်ခံစာတွင် အကျဉ်းထောင်ကကျင့်သုံးသော နည်းစနစ်များကိုသာမက အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲ၏ အနေအထားများကိုပါ ဝေဖန်ထားသော အချက်အလက်များ ပါရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇူလိုင် ၁၄ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲရာ၌ လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ် ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့တပ်ဖွဲ့ဝင်များ စေလွှတ်ရန် အစီအစဉ်မရှိကြောင်း ရုရှားကြေညာ

မော်စကို ဇူလိုင် ၂၃

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ကန်ထရိုက်လုပ်ငန်းများရရှိမည့် အခွင့်အလမ်းကိုမျှော်ကိုးလျက် ရုရှားနိုင်ငံအနေဖြင့် အီရတ်သို့ ရုရှားတပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အီရတ်ရှိ တပ်ဖွဲ့ဝင်များနှင့် လက်တွဲ၊ မတွဲ ဆိုခြင်း ဆုံးဖြတ်ရန်မှာ နိုင်ငံတစ်နိုင်ငံချင်း၏ အခွင့်အရေးပင်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံကမူ ထိုသို့ အီရတ်သို့ ရုရှားတပ်ဖွဲ့ဝင်များ စေလွှတ်ရေးကိစ္စကို စဉ်းစားမည်မဟုတ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးကပြောကြားသည်ဟု အင်တာဖက်စ်သတင်းဌာနက ကိုးကားဖော်ပြသည်။

ရုရှားကုမ္ပဏီများအတွက် ကန်ထရိုက်လုပ်ငန်းနှင့် စီမံကိန်းလုပ်ငန်းများတွင် အခွင့်အလမ်းများရရှိရေးအတွက် အီရတ်ရှိ နိုင်ငံတကာတပ်ဖွဲ့တွင် ရုရှားတပ်ဖွဲ့ဝင်များ ပါဝင်ရေးကို ရုရှားနိုင်ငံကစဉ်းစားနေသည်ဆိုသော အမေရိကန်၏ ဝေဖန်ချက်တစ်ရပ်ကို ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်းတုံ့ပြန်လိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror
နိုင်ငံခြားသတင်းများ

စက်တင်ဘာ ၁၁ ရက်နှင့် ပတ်သက်သော အစီရင်ခံစာတွင် စီအိုင်အေ၏ အားနည်းချက်များကို ပြစ်တင်ဝေဖန်ထား

ဝါရှင်တန် ဇူလိုင် ၂၃

အမေရိကန်ကို ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် အပိုင်စီးထားသည့် လေယာဉ်များ အသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည်။ ထိုကိစ္စများနှင့် ပတ်သက်သည်များကို စိစစ်လေ့လာထားသော အစီရင်ခံစာကို ယမန်နေ့က ထုတ်ပြန်လိုက်သည်။ အစီရင်ခံစာတွင် အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ)၏ အားနည်းချက်များကို ပြစ်တင်ဝေဖန်ထားသည်။ သို့ရာတွင် စီအိုင်အေအရာရှိတစ်ဦးက အစီရင်ခံစာပါ ဝေဖန်ချက်များကို စီအိုင်အေဘက်မှ ရပ်တည်ပြီး ခုခံပြောကြားခဲ့သည်။

စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့သည် အရပ်ဘက် လေကြောင်းပျံသန်းရေးလုပ်ငန်းများကို လေယာဉ်အပိုင်စီးမှု အပါအဝင် အကြမ်းဖက်ခံရမည့် အန္တရာယ်များ ရှိနေကြောင်း ပုံမှန်သတိပေးမှုများ ပြုလုပ်ခဲ့သည်များရှိကြောင်း အမည်မဖော်လိုသူ အမေရိကန် စီအိုင်အေ အရာရှိတစ်ဦးက ပြောကြားသည်။ ထိုအရာရှိက အထက်ပါ စကားများကို စက်တင်ဘာအကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံချက် ထွက်မလာမီ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝေဖန်

အီရတ်နိုင်ငံကို ကျူးကျော်စစ်မဆင်နွှဲမီ အချိန်က အီရတ်နှင့်သက်ဆိုင်သည့် တားမြစ်ထားသော ဖျက်အားပြင်း လက်နက်များ၏ အခြေအနေကို ဖော်ပြသည့် ထောက်လှမ်းရေး သတင်းတွင် အမှားအယွင်းများရှိခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍လည်း စီအိုင်အေအဖွဲ့မှာ အဝေဖန်ခံနေရသည်။ ယခုတစ်ဖန် စီအိုင်အေအဖွဲ့မှာ စက်တင်ဘာ တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အယ်လ်ခိုင်ဒါအဖွဲ့၏ ခြိမ်းခြောက်နိုင်မှု အနေအထားနှင့် တိုက်ခိုက်လာမည့် အန္တရာယ်များကို မှန်မှန်ကန်ကန် ဖော်ထုတ်တားဆီးနိုင်ခြင်းမရှိခဲ့ကြောင်း လတ်တလော ထွက်ပေါ်လာသည့် အစီရင်ခံစာက ဝေဖန်ပြစ်တင်ထားသည်။

နုတ်ထွက်

စီအိုင်အေသည် စစ်အေး ကာလပြီးဆုံးသွားသည့်တိုင်အောင် မိမိဌာနကို ပြုပြင် ချဲ့ထွင်ခြင်းမရှိဘဲ စစ်အေးကာလနည်းနာများကိုသာ ဆက်လက်ကျင့်သုံးနေခဲ့ကြောင်းကိုလည်း အစီရင်ခံစာက ထောက်ပြထားသည်။ ထိုဝေဖန်မှုများရှိနေသည့် အချိန်မှာပင် စီအိုင်အေအကြီးအကဲ ဒါရိုက်တာ ဂျော့တင်းနက်သည် ၎င်း၏ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့သည် ၁၉၉၉ ခုနှစ်အတွင်းက အရပ်ဘက် လေကြောင်းဆိုင်ရာများကို သတိပေးမှုများပြုလုပ်ခဲ့သည်ဟု ဆိုသည်။ ထိုသတိပေးချက်တွင် အကြမ်းဖက်အဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်သည်အမေရိကန်ပြည်တွင်းနှင့် ပြည်ပရှိ အမေရိကန်လူမျိုးများ၏ အကျိုးစီးပွားများကို တိုက်ခိုက်ဖျက်ဆီးရန် စိတ်ဝင်စားလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ၌ ပြန်ပေးဆွဲခြင်း၊ လေယာဉ်အပိုင်စီးခြင်းနှင့် ဗုံးခွဲမှုများအထိ ပါဝင်နိုင်ကြောင်း ဖော်ပြခဲ့သည်ဟု စီအိုင်အေ အရာရှိတစ်ဦးက ပြောကြားသည်။

ထိုအချိန်အတောအတွင်းတွင် စီအိုင်အေအဖွဲ့က ကြိုတင်ဖော်ပြခဲ့သော သတိပေးချက်များမှာ အမှန်တကယ် တိုက်ခိုက်မှု ဖြစ်မလာအချိန်အတွင်း ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်မည်ဆိုပါက စီမံနိုင်ရန် လုံလောက်သော အချိန်အတိုင်းအတာရှိခဲ့ကြောင်း စီအိုင်အေ အရာရှိက ဆိုသည်။

မေတ္တာရပ်ခံ

အဆိုပါကာလအတွင်း စက်မှုလုပ်ငန်းများအနေဖြင့် ကြိုတင်ကာကွယ်မှုများ ပြုခဲ့ကြမည်ဆိုလျှင် ကာကွယ်သွားနိုင်လောက်သော အချိန်ရရှိခဲ့ကြောင်း သိရသည်။ စီအိုင်အေအရာရှိက ၎င်းပြောကြားခဲ့သော အချက်အလက်များကို စက်တင်ဘာတိုက်ခိုက်မှုဆိုင်ရာ အစီရင်ခံထွက်လာပြီးမှသာ ဖော်ပြကြရန် သတင်းထောက်များကို မေတ္တာရပ်ခံခဲ့သည်။

စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်ခံရမှု အခြေအနေများ မပေါ်ပေါက်မီ အချိန်အထိ အကြမ်းဖက်သမားများ၏ အန္တရာယ်မှ မည်သို့ကာကွယ်ရမည်ဆိုသော မဟာဗျူဟာများကို ဖော်ထုတ်ရေးဆွဲထားခြင်းမရှိဟု အစီရင်ခံစာက ဖော်ပြခဲ့သည်။ စီအိုင်အေ အဖွဲ့ဘက်မှ ရပ်တည်ရှင်းလင်းခဲ့သူ စီအိုင်အေ အရာရှိက အစီရင်ခံစာတွင် ပါရှိသော အထက်ပါဝေဖန်ချက်မှာ မဟုတ်မမှန်ပါဟု ပြောကြားသွားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကြည့်ရှု

ဇူလိုင် ၂၃ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ကျင်းကြီးဖြစ်နေသည်ကို အီရတ် နိုင်ငံသားများကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခုခံတိုက်ခိုက်ရေးသမားများနှင့် ကန်တပ်ဖွဲ့ဝင်များ ဘဂ္ဂဒက် မြို့လယ်လမ်းမတွင် ပစ်ခတ်မှုဖြစ်ပွား

ဘဂ္ဂဒက် ဇူလိုင် ၂၃

ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဘဂ္ဂဒက်မြို့လယ်တွင် ကြာသပတေးနေ့ စောစောပိုင်းက ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အီရတ်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ယခုစောစောပိုင်းက ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ဟိုင်ဖာလမ်းမပေါ်တွင် ကြာသပတေးနေ့ နံနက်၄နာရီက ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အေပီရုပ်မြင်သံကြားက တွေ့ဆုံမေးမြန်းခဲ့သည့် ဆေးရုံတာဝန်ရှိပုဂ္ဂိုလ် တစ်ဦးက ပြောကြားသည်။

တိုက်ခိုက်မှုကြောင့် ရဲအရာရှိတစ်ဦးနှင့် အခြားအမျိုးသားတစ်ဦးတို့ သေနတ် ကျည်ဆန်ဒဏ်ရာများရရှိခဲ့သည်ဟု အဆိုပါတာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဟိုင်ဖာလမ်းမပေါ်တွင်သံချပ်ကာကားများဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အိမ်ခေါင်းမိုးပေါ်မှ အမေရိကန်ချောင်းမြောင်းပစ်ခတ်သူတို့ကို မြင်တွေ့ရသည်။

ဇူလိုင် ၇ရက်ကလည်း အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံရေးသမားများပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ လူလေးဦးဆုံးခဲ့ပြီး ၂၀ဦးဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

ရီပတ်ဘလီကင်ပါတီ ညီလာခံကျင်းပစဉ် စစ်ဆန့်ကျင်ရေး ဆန္ဒပြရန် စီစဉ်ထား

နယူးယောက် ဇူလိုင် ၂၃

ရီပတ်ဘလီကင် ပါတီညီလာခံကျင်းပနေစဉ်အတွင်း စစ်ဆန့်ကျင်ရေးအုပ်စုက ဗဟိုပန်းခြံအတွင်း ကြီးမားသည့် ဆန္ဒပြပွဲကြီး ကျင်းပရန် ဆောင်ရွက်လျက်ရှိရာ နယူးယောက်မြို့တော် အာဏာပိုင်များက ရွေးချယ်သတ်မှတ်ထားသည့် အခြားနေရာတစ်ခုတွင် ဆန္ဒပြပွဲကျင်းပရန် ၎င်းအုပ်စုက သဘောတူထားကြကြောင်းဖြင့် အဆိုပါ အုပ်စုက ဗုဒ္ဓဟူးနေ့က ကြေညာသည်။

အချိန်ကန့်သတ်မှု အခက်အခဲကြောင့် မြို့တော်အာဏာပိုင်များ၏ အစီအစဉ်အတိုင်း ဆောင်ရွက်ရန် ရဲတပ်ဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များက မိမိတို့အုပ်စုအား ဇွတ်အတင်း ဖိအားပေးခဲ့ကြောင်း ငြိမ်းချမ်းရေးနှင့် တရားမျှတရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဘီလ်ဘော့က ပြောကြားသည်။

— စီစဉ် —

၎င်းအစီအစဉ်အရ ဆန္ဒပြသူများက မက်ဒီဆင် ရင်ပြင်ဥယျာဉ်အားဖြတ်၍ အမှတ်(၇) ရိပ်သာသို့ ချီတက်ရမည်ဖြစ်ပြီး ဝက်ဆိုက် အဝေးပြေးလမ်းမသို့ ဆက်လက်ချီတက်ရန် ဖြစ်ပြီး ဆန္ဒပြပွဲကို ဩဂုတ် ၂၉ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

ဆန္ဒပြသူ လူ ၂၅၀,၀၀၀ ကြောင့် ပန်းခြံမှ မြက်ခင်းများ ထိခိုက်ပျက်စီးနိုင်ခြင်းကြောင့် ပန်းခြံဌာနက ဆန္ဒပြသူများ၏ ကနဦး တောင်းဆိုချက်ဖြစ်သည့် ဗဟိုပန်းခြံ မြက်ခင်းပြင်တွင် ဆန္ဒပြမည့် အစီအစဉ်အား ငြင်းပယ်လိုက်ခြင်းဖြစ်သည်။

ရီပတ်ဘလီကင်ပါတီ ညီလာခံကျင်းပနေစဉ်အတွင်း ဆန္ဒပြသူများအား ထိန်းချုပ်မည့် ရဲတပ်ဖွဲ့ဝင်များ၏ နည်းဗျူဟာအပေါ် ကန့်သတ်ချုပ်ချယ်ထားသည့် တရားရုံးဥပဒေအပေါ် မြို့တော်အာဏာပိုင်များက အယူခံဝင်ထားသည်။ ဆန္ဒပြသူများက ပြည်သူလူထုအား ခြိမ်းခြောက်မှု အန္တရာယ်မဖြစ်နိုင်ပါက ရဲတပ်ဖွဲ့က ဆန္ဒပြသူများ၏ အိတ်များကို ရှာဖွေမှု မပြုရန် ပြည်နယ်တရားသူကြီးက တနင်္လာနေ့တွင် အမိန့်ထုတ်ပြန်ထားသည်။

ရဲတပ်ဖွဲ့မှ အရာရှိများအနေဖြင့် ဆန္ဒပြသူများ၏ ပစ္စည်းများ ရှာဖွေရန်အတွက် သတ္တုပစ္စည်း ထောက်လှမ်းရှာဖွေရေး ကိရိယာကဲ့သို့သော ပစ္စည်းများကိုသာ အသုံးပြုခွင့် ရှိမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကင်ညာစားစာခံများ ဖမ်းဆီးခံနေရသည့်သတင်းပါရှိသည့် သတင်းစာကို ဇူလိုင် ၂၂ ရက်က ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ လမ်းမတစ်ခုတွင် ရောင်းချနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် ပြန်ပေးဆွဲမှုများ ပိုမိုဆိုးရွားလာ ကင်ညာနိုင်ငံသားများ အီရတ်မှထွက်ခွာရန် ကင်ညာအစိုးရပြောကြား

ဘဂ္ဂဒက် ဇူလိုင် ၂၃

၎င်းတို့၏ အသက်အန္တရာယ် လွတ်မြောက်ရေးအတွက် ပြန်ပေးဆွဲခံထားရသည့် နိုင်ငံခြားသား ထရပ်ကားမောင်းသူများက မေတ္တာရပ်ခံနေသည့် ရုပ်ပုံလွှာများကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသပြီး ကင်ညာနိုင်ငံက ၎င်း၏ နိုင်ငံသားများအား အီရတ်မှထွက်ခွာသွားရန် တိုက်တွန်း နေစဉ်မှာပင် အီရတ်နိုင်ငံ တစ်ဝန်းတွင် မကြာသေးမီ သီတင်းပတ်က ဖြစ်ပွားခဲ့သည့် ပြန်ပေးဆွဲမှုများသည် ပိုမိုဆိုးရွားလာသည်။

ထွက်ခွာသင့်

အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်ရေး အုပ်စုတစ်အုပ်စုက ဓားစာခံများအဖြစ် ပြန်ပေးဆွဲခံရသူများတွင် ကင်ညာနိုင်ငံသား သုံးဦးပါဝင်ပြီးနောက် ကင်ညာနိုင်ငံသားများအနေဖြင့် အီရတ်မှ ချက်ချင်းထွက်ခွာသင့်ကြောင်း ကင်ညာအစိုးရကပြောကြားခဲ့သည်။

ဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံရသည့် ကင်ညာနိုင်ငံသား သုံးဦးမှာ အသက်၃၉နှစ်အရွယ် မိုဟာမက်အေဂါ၊ ခါတာမီနှင့် ၄၈ နှစ်အရွယ် အီဘရာဟင်ခါမီ အိုင်ဒီတို့ဖြစ်ကြောင်း ကင်ညာအစိုးရ ပြောရေးဆိုခွင့်ရှိသူက နိုင်ရိုဘီမြို့တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံသား သုံးဦးနှင့် အီဂျစ်နိုင်ငံသား တစ်ဦးတို့နှင့်အတူ ကင်ညာနိုင်ငံသားသုံးတို့ကို အီရတ်ခုခံရေးအုပ်စုတစ်ခုက ဗုဒ္ဓဟူးနေ့တွင် ပြန်ပေးဆွဲခံခဲ့ရသည်။

အင်တာနက်။

အသက်ရှည်စွာ အနာမဲ့ရေး (၁)

ဒေါက်တာ လွင်ကို

"ဦးလေးတို့ပါလား၊ ဘယ်ကပြန်လာကြတာလဲ၊ ရေနွေးကြမ်းလေး သုံးဆောင်သွားကြပါဦး"

ဘကြီးသီတို့ဘုရားကိုးဆူမှပြန်လာကြသော အသက် ၇၀ ပတ်ဝန်းကျင် တစ်ခါက ကုန်သည်၊ ပွဲစား၊ စာရေးကြီးများဖြစ်ကြသော ဦးဘချော၊ ဦးစံမောင်နှင့် ဦးချစ်တို့ကိုကျွန်တော်က ဖိတ်မန္တကပြုလိုက်ခြင်းဖြစ်ပါသည်။ ဝိုင်းထိုင်မိသည်နှင့် မေးခွန်းကစပါတော့သည်။

"ဆရာရေ တစ်နေ့က ဆောင်းပါးတစ်ပုဒ်မှာ ဖတ်လိုက်ရတယ်၊ ဂျပန်လူမျိုးတွေ အသက်ရှည်သောစာရင်းမှာဝင်နေပြီး ပျမ်းမျှသက်တမ်း ၇၄နှစ်ရှိတယ်တဲ့၊ ဆရာပြောဖူးပါတယ်၊ ကျွန်တော်တို့တစ်တွေရဲ့ ပျမ်းမျှသက်တမ်းက ၆၀ ဆိုတာလေ၊ အဲဒါဘာဖြစ်လို့လဲခင်ဗျ၊ စီးပွားရေးကြောင့်လား၊ သူတို့ဆီက ရာသီဥတုကြောင့်လား၊ ကျန်းမာရေးအသိပညာ ကျွန်တော်တို့ထက်သာလို့လား"

"အဲဒီအချက်တွေနဲ့တော့ဆိုင်ပါတယ်၊ ဒါပေမယ့် အဲဒီအချက်တွေကြောင့်လို့ တစ်ထစ်ချပြောလို့မရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာပဲကြည့်ပါ၊ ပိုက်ဆံချမ်းသာတဲ့လူတွေက ကျေးလက်ကလူတွေထက် သက်တမ်းပိုရှည်လို့လား၊ မြို့မှာနေပြီး စာတွေ၊ ပေတွေဖတ် ကျန်းမာရေးအသိတွေကြွယ်၊ ဥပမာ–ဆရာဝန်တွေဆိုပါတော့၊ ဆရာတော်၊ သံဃာတော်ကြီးတွေထက် ပိုပြီး အသက်ရှည်ကြလို့လား"

"ဆရာပြောတာလဲဟုတ်ပါတယ်၊ ဒီတော့ကာ အသက်ရှည်ခြင်းရဲ့ အကြောင်းတရားရဲ့ ပဓာနဟာ ဘာလဲဆရာ၊ ကျန်းမာရေးအသိလား၊ ဆေးဝါးပြည့်စုံမှုလား၊ ဆေးပညာရှင်များလား၊ ဥစ္စာခနေလားဆရာ"

"အားလုံးဟုတ်သလိုလိုပါပဲ၊ ဒါပေမယ့် တစ်ယောက်ကိုမေး တစ်ဖြေထွက်နိုင်စရာအကြောင်းရှိပါတယ် ဦးလေးချော၊ ဒီတော့ ကျွန်တော်က လူတိုင်းလက်လှမ်းမီ သိရှိနားလည်နိုင်တဲ့၊ ကျင့်ကြံအားထုတ်နိုင်တဲ့ ကျန်းမာပြီးအသက်ရှည်ဖို့အတွက် မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ "အသက်ရှည်စွာအနာမဲ့ရေး" အကြောင်းတရားငါးပါးကိုအခြေခံပြီး ဆွေးနွေးကြည့်ပါ့မယ်၊ ဦးတို့က ကျွန်တော့်ထက် အသက်ကြီးပြီး အတွေ့အကြုံအကြားအမြင်များမှာပါ၊ လိုအပ်တာကို ဖြည့်စွက်ပြီး ဆွေးနွေးပေးကြပါ"

"ကောင်းတာပေါ့ဆရာ၊ ဝိဝါဒကွဲပြားစရာမလိုတော့ဘူးပေါ့"

"ဟုတ်ကဲ့၊ နံပါတ်(၁)ကတော့ မိမိနဲ့သင့်လျော်တဲ့ ဥတုရာသီ၊ အပူအအေးမျှတစွာ နေထိုင်တတ်ရမယ်၊ မိမိခန္ဓာကိုယ်နဲ့မသင့်လျော်တဲ့ ဥတုရာသီ၊ အပူအအေးကို ရှောင်ကြဉ်ရမယ်ပေါ့၊ ပါဠိလိုတော့ (သပ္ပါယကာရီဟောတိ)တဲ့၊ ရှောင်ကြဉ် ရမယ်လို့ ကျွန်တော်ပြောမိ၊ ဘာသာပြန်မိတာက မန္တလေးမှာပူလို့၊ ပြင်ဦးလွင် တက်နေသင့်တယ်လို့ တစ်ထစ်ချဆိုလိုတာမဟုတ်ပါဘူး၊ ရာသီဥတုအပြောင်း အလဲတွေမှာ ဘယ်လိုနေထိုင်သင့်တယ်လို့ အဓိပ္ပာယ်ကောက်ယူရင် ကောင်းမယ်ထင်ပါတယ်"

"ဟုတ်ပါတယ်ဆရာ၊ လူတိုင်းလူတိုင်းနီးပါး ကိုယ့်ရပ်ကိုယ့်ရွာမှာပဲ အခြေခံနေထိုင်ကြရပြီးတော့ နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီမှာ အစစအရာရာ ဆင်ခြင် နေထိုင်သင့်တယ်လို့ ကျွန်တော်လဲမှတ်ယူပါတယ်"

"ဒီလိုဆို ဆက်ဆွေးနွေးရအောင်၊ (ဥတုသဒ္ဓိ၊ ရောဂါဖိ၊ သတိရှိကြစေ) ဆိုရိုးစကားရှိပါတယ်၊ ပူသောရာသီအဆုံးမှ အေးသောရာသီအစ၊ အေးသောရာသီအဆုံးမှ ပူသောရာသီအစ၊ အပူအအေးမျှတသောရာသီမှ ပူသော/အေးသောရာသီသို့၊ နေပူပူကလာပြီး အရိပ်ကောင်းကောင်း ဒါမှမဟုတ် အအေးခန်းထဲသို့၊ မီးလှုံပြီးစ၊ နေပူခံပြီးစ ရေချိုးခြင်းမျိုး၊ ပူသောအရပ်ဒေသမှ အေးသောအရပ်ဒေသသို့ လေယာဉ်ခရီးစီးပြီး တစ်ခဏအတွင်းရောက်ခြင်းများဟာ သတိပြုရမည့် ဥတုသဒ္ဓိ ဆက်စပ်မှုပေါ့ခင်ဗျ၊ ဒီဥပမာကိုဆက်ပြောရရင် အပူအရပ်မှ အအေးအရပ်သို့ ရုတ်ခြည်းပြောင်းလဲရတဲ့အတွက် အအေးကြိုက်စာများကို နည်းနည်းချင်း ဒေသနဲ့လိုက်အောင်စားပေးပြီး အအေးရပ်ခန္ဓာကို ထူထောင်သင့်ပါတယ်၊ ဒီလိုမဟုတ်ဘဲ ရောက်ဆဲဥတုနဲ့ဆန့်ကျင်ပြီး အပူစာတွေများများစားရင် ချုပ်ငုပ်ပြီး နေရထိုင်ရတာမကောင်းဘူးပေါ့၊ အဲဒါဟာ ရောဂါပျိုးခြင်းရဲ့အစပါပဲ၊ ရောဂါမဖြစ်အောင် အပူမှအအေးသို့ပြောင်းစမှာ လွန်စွာစားသောက်ခြင်း၊ လွန်စွာအိပ်ခြင်းတို့ကို ရှောင်သင့်ပါတယ်လို့ ဆွေးနွေးချင်ပါတယ်"

"မှန်ပါတယ်ဆရာ၊ အခုဆွေးနွေးတာ ဥတုတင်မဟုတ်တော့ဘူး၊ အစားအသောက်နဲ့ အအိပ်အနေပါ ပါလာပြီ"ဟု ဦးလေးဦးစံမောင်က ဆိုပါသည်။

"ဟုတ်ကဲ့ပါခင်ဗျာ၊ အစားအသောက်နဲ့ပတ်သက်ပြီးလည်း မြတ်ဗုဒ္ဓက ဟောထားပါသေးတယ်၊ အခုတော့ ဥတုနဲ့ခန္ဓာအကြောင်း ဆက်ဆွေးနွေးရအောင်၊ ဥတုအပြောင်းအလဲတွေမှာ ကျွန်တော်တို့ခန္ဓာကို စိတ်အလိုလိုက်ပြီး ချက်ချင်း ပြောင်းလဲခြင်းမျိုး မပြုသင့်ပါဘူး၊ ဥပမာ–ဆောင်းကနွေအပြောင်းဆိုပါတော့၊ ခန္ဓာကိုယ်တွင်းက အဇ္ဈတ္တအအေးက အဇ္ဈတ္တအပူကို တဖြည်းဖြည်းပြောင်းပြီး ညှိယူလက်ခံမှာပါ၊ အဲဒါကိုမစောင့်ဘဲ ရာသီဥတုပူလို့အိုက်တိုင်း ရေခဏခဏ ချိုးရင် ခန္ဓာကိုယ်တွင်းမှာ အအေးအပူညှိရခက်ပြီး ရောဂါရတတ်ပြန်ပါတယ်၊ ဒီအတိုင်းပါပဲ၊ ရာသီဥတုအပူကနေ အအေးကို ကူးစမှာလဲအေးလို့အနွေးထည် အထပ်ထပ်ဝတ်၊ စောင်နဲ့ကွေးနေရင် အခိုးပိတ်ပြီးနေထိုင်မကောင်းဖြစ်ပြန်ရော"

"ဟုတ်တာပေါ့ဆရာ၊ ဒီတော့ ပူသောရာသီတွင်လည်းကောင်း၊ အေးသောရာသီတွင်လည်းကောင်း လိုက်နာရန်ဆိုတာမျိုးတော့ရှိမှာပေါ့"

"ဟုတ်ကဲ့ခင်ဗျ၊ သိမ်ဖြူဆရာတော်ကြီး ပြုစုထားတာဒီလိုရှိပါတယ်၊ ကျွန်တော် ဖတ်ပြမယ်"

အအေးဥတုတွင်လိုက်နာကျင့်သုံးရန်–

(၁) အေးသော ဆောင်းရာသီ၌ မီးပူလွန်စွာခံခြင်း၊ အနွေးထည်များ ကြာရှည်စွာ ဝတ်ထားခြင်းမပြုရ၊ နေထွက်လာလျှင်ချွတ်ပစ်ပါ၊
(၂) နေ့အခါအိပ်ခြင်းများကိုရှောင်ပါ၊
(၃) ဆောင်းဦးပေါက်လေကို လွန်စွာမခံရ၊
(၄) ဆီးဝမ်းမချုပ်စေရ၊ ဝမ်းချုပ်က ဝမ်းနုတ်ပေးရမည်၊ သတိရှိပါ၊ အညောင်းမခံရ၊ အလုပ်သဘောအရ အညောင်းများလျှင် ကိုယ်လက်လှုပ်ရှားပေးပါ၊ လမ်းလျှောက်ပါ၊
(၅) အေးသောဥတုဖြစ်၍ချွေးထွက်စေသော အလုပ်များလုပ်ပေးရမည်၊
(၆) နံနက်စောစောတွင် ရေချိုးပေးသင့်သည်၊ လမ်းလျှောက်ပေးသင့်သည်၊ သို့မှသာ ပိတ်ဆို့နေသော၊ ငုပ်နေသော ဓာတ်များပွင့်လာမည်၊ ငုပ်မနေစေရ၊
(၇) အေးနေရာမှ ရုတ်တရက်ပူလာအောင်မပြုလုပ်ရ၊
(၈) ဆောင်းတွင်းကျသော နှင်းများခေါင်းကိုမထိစေရ၊ အဝတ်ပတ်ထားပါ၊ ဦးထုပ်ဆောင်းပါ၊
(၉) ဆောင်းဥတု၌ ကိုယ်သားကိုယ်ရေများနွေးနေရ၏။ အေးနေကနွေးအောင် ပြုပြင်နေထိုင်ရမည်။

အပူဥတုတွင်လိုက်နာကျင့်သုံးရန်

(၁) ပူသောနွေရာသီ၌ လွန်စွာအအေးခံခြင်း၊ ပန်ကာလေခံခြင်း၊ အဝတ်များကို ကြာရှည်စွာချွတ်ထားခြင်းမပြုရ၊
(၂) ဆီးဝမ်းများအသွားများခြင်းမဖြစ်စေရ၊ ဆီးလွယ်ဝမ်းလွယ်၊ ဝမ်းလျှောစာများကို ရှောင်ကြဉ်ရမည်၊
(၃) ပူနေရာမှ ရုတ်တရက်အေးအောင်မပြုလုပ်ရ၊ အပူမှလာ၍ တစ်ခဏချင်း ရေချိုးခြင်း၊ ခြေထောက်ရေဆေးခြင်းများမပြုလုပ်ရ၊ ချွေးသိပ်အောင် ဆိုင်း၍ ရေအဝသောက်ပြီးမှ ရေချိုးပါ၊
(၄) နွေဥတုတွင် အသားအရေများအေးနေစေရမည်၊ နွေးနေက နံ့သာကျဲကျဲ လိမ်းပေးခြင်း၊ ရေကျက်အေးသောက်ခြင်း၊ ယပ်လေခတ်ခြင်းများ ပြုရမည်၊
(၅) နွေဥတုတွင်လည်းကောင်း၊ ပူသောအချိန်အခါများတွင်လည်းကောင်း လွန်စွာအပင်ပန်းခံ၍မေထုန်ပြုခြင်းကို ရှောင်ရမည်၊
(၆) နွေရာသီပူသောကာလတွင်မွန်းလွဲပြီးနောက် ရေမချိုးရ၊ ညနေပိုင်း အိပ်ခြင်းကို အထူးရှောင်ရမည်၊
(၇) နွေဥတုတွင် ပူသည်ဆိုသည်ဆို၍ ရေအေးများ၊ ရေခဲများ၊ ရေခဲပါသော စားသောက်ဖွယ်ရာများကို ရှောင်ကြည်၍ ကော်ဖီ၊ ရေနွေး၊ ချင်းပြုတ်ရေများကိုသာ သောက်ပေးပါ။
(၈) နွေဥတုတွင် ခံတွင်းတွေ့တိုင်း အစားများများဗိုက်တင်းအောင်မစားရ၊ လျှော့၍စားသင့်သည်။
(၉) ကိုယ်သားကိုယ်ရေများချွေးအနည်းငယ်စို့၍အေးနေစေရမည်။ ဝမ်းချုပ်သည်ဟု ဝမ်းနုတ်ဆေးလွန်စွာမစားရ၊ ဝမ်းပျော့၊ ဝမ်းသက်စေသော အစားအာဟာရများ စားသုံးခြင်းက ပို၍သင့်ပါသည်တဲ့"

"လွယ်လွယ်နဲ့ မှတ်သားဖို့ကောင်းလိုက်တာဆရာ၊ ဒါကြောင့် မြန်မာသမားတော်ကြီးများက ရာသီဥတုကိုလိုက်ပြီး ဆေးဝါးကိုင်ကြတယ်၊ ဆေးပေးကြတယ်၊ ဥတုနှင့်ယှဉ်ပြီး လူနာရဲ့ဣရိယာပုတ်ကျင့်သုံးမှုပြုစေတယ်လို့ကြားဖူးပါတယ်"

"မှန်ပါတယ် ဦးလေးချစ် **ဗိန္ဓောနည်းနှင့် အိုက်ရင်မီးလှုံတင်းတိမ်ခြုံဆိုတဲ့** စကားလိုပေါ့၊ အပြင်ဗဟိဒ္ဓဥတုကပူတိုင်း၊ အိုက်တိုင်းအဇ္ဈတ္တခန္ဓာကိုယ်အအေးနှင့် မဖိရဘဲ ချွေးအောင်းပြီး ခန္ဓာကိုယ်ထဲက အပူတေဇောဓာတ်ကို ဖွင့်ထုတ်ပစ်တာမျိုးပေါ့၊ လူတင်မကပါဘူး၊ သစ်ဥသစ်ဖုသစ်ရွက်တွေနဲ့ ဆေးဖော်ရင်တောင် ဓာတ်သတ္တိ အာနိသင်မပြယ်အောင် ဂရုစိုက်ကြတာ မြန်မာ့ဆေးနည်း အစဉ်အလာပါ။ ဥပမာ ချင်းတို့၊ နနွင်းတို့ သတ္တိမထွက်ရအောင်ပေါင်းခံပြီးမှ နေလှန်းပါတယ်။ နေပူလှန်း၊ နေအေးလှန်း၊ လေအေးလှန်းတဲ့အထိ ဂရုစိုက်ကြတာဟာ အပူအအေးဥတုကိုသတိပြုပြီး မြတ်ဗုဒ္ဓဟောကြားတဲ့အတိုင်း လိုက်နာနေကြတာပါပဲ"

"ဟုတ်ကဲ့ဆရာ၊ ဒီချင်းတို့၊ နနွင်းတို့ဆိုတာဟာ ကျွန်တော်တို့နေ့စဉ်စားသုံးနေတဲ့ အစားအသောက်တွေထဲ၊ ဟင်းတွေထဲမှာ ထိပ်တန်းကပါပါတယ်၊ ဆေးဖက်ဝင် အစွမ်းထက်ပစ္စည်းတွေဆိုတော့ အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုတဲ့စကား နဲ့လဲကိုက်ညီပါတယ်။ ကျွန်တော်တို့အသက် ၇၀ဝန်းကျင်တွေ ဒီတစ်ချက်တည်းလိုက်နာတာနဲ့ ၇၅နှစ် လောက်တော့နေကြရမှာပေါ့"

"ကိုစံမောင်ပြောတာတော့ဟုတ်ပါတယ်၊ ဒီပိုပြီး အသက်ရှည်တဲ့ ကာလမှာလည်း မြတ်ဗုဒ္ဓရဲ့ အခြားသောအဆုံးအမများနဲ့ကိုက်ညီအောင်နေမှ နေရကျိုးနပ်ကြမှာနော်"ဟု ဦးလေးဦးဘချောက ဖြည့်စွက်လိုက်ပါသည်။

"မှန်ပါတယ်၊ မြတ်ဗုဒ္ဓဒုတိယဟောတဲ့ အချက်က မိမိနဲ့သပ္ပါယဖြစ်သော အစားအသောက်ကိုရွေးချယ်စားသုံးရမည်။ သပ္ပါယမျှတသော အစားအစာကိုလည်း အတိုင်းအရှည်ပမာဏကိုသိစွာ သုံးဆောင်အပ်၏တဲ့၊ ပါဠိလိုတော့ (သပ္ပါယမတ္တံဇာနာတိ)တဲ့၊ မိမိနဲ့တည့်သော အစာတိုင်း ခန္ဓာကိုယ်ရဲ့ လိုအပ်ချက်နဲ့ အညီ စားသုံးရင်အသက်ရှည်ဆေးတွေချည်းပဲလို့ထင်ပါတယ်၊ ဒီနေရာမှာလဲ စားသုံးတဲ့ အရွက်၊ အပွင့်၊ အသီး၊ အခေါက်၊ အမြစ်နဲ့ သားငါး၊ ရေနွေး၊ ရေအေး အားလုံးဟာ အပူအအေးဓာတ်သဘောနဲ့ ဆက်စပ်နေပြန်ပါတယ်။ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ၊ အာကာသဓာတ်ဆိုတဲ့ ဘုတ်ငါးပါးနဲ့ ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ်၊ ငန်ဆိုတဲ့ အရသာခြောက်ပါးကို တီးမိခေါက်မိရင် ဘုရားဟောအတိုင်းလိုက်နာပြီး မိမိအသက်ခန္ဓာနဲ့ ကျန်းမာရေးကို သင်တင့်လျောက်ပတ်သောအစားအစာနဲ့ စောင့်ရှောက်နိုင်ဖို့ နည်းလမ်းတစ်ခုပါပဲ"

"ဟုတ်ကဲ့ဆရာ ရှင်းပြပါဦး"

"ဖတ်ဖူးမှတ်ဖူးတာလေးတွေတော့ ဆွေးနွေးပါ့မယ်၊ ဘုတ်ငါးပါးရဲ့ ပထဝီဟာ (အအေး၊ အမာဓာတ်)ဖြစ်ပြီးအေး၊ ချို၊ ဆိမ့်၊ ဖန် အရသာရှိပါတယ်၊ အာပေါဟာ(အအေး၊ အပျော့ဓာတ်) ဖြစ်ပြီး အေး၊ ချို၊ ဆိမ့်၊ ဖန် အရသာရှိပါတယ်၊ တေဇောကတော့(အပူဓာတ်)ဖြစ်ပြီး ချဉ်၊ စပ် အရသာရှိပါတယ်၊ ဝါယောကတော့(လေဓာတ်) လှုပ်ရှား၊ တွန်းကန်တဲ့သဘော၊ အခါး၊ အငန်နဲ့ အာကာသဓာတ်မှာ၊ ထက်၊ မွှန်၊ စူး၊ ရှ၊ နံ့၊ ပြင်းတဲ့သဘောရှိပါတယ်"

"ဒီဘုတ်ငါးပါးကို အကျဉ်းချုံးလိုက်ပြန်တော့ တေဇော(အပူ)နဲ့ အာပေါ (အအေး)သာရှိပြီး သူတို့နှစ်ခု ပူးပေါင်းပြီးမှ ဝါယော(လှုပ်ရှားတွန်းကန်ခြင်း) သဘောဖြစ်လာပါတယ်၊ ဒီတော့ ဝါယောမှာ တက်စာ(အပူယှဉ်)နဲ့ သက်စာ (အအေးယှဉ်)တဲ့ အစာဆိုပြီး ဖြစ်လာပါတယ်"

"အပူအအေးဓာတ်သဘော အခြေခံတော့ ဟုတ်ပါပြီဆရာ၊ တစ်နေ့၊ တစ်နေ့မှာ ဘယ်အချိန် ဘာကို ဘယ်လောက်များ စားသင့်တယ်ဆိုတဲ့ ချင့်ချိန်မှုလေးကော ဆွေးနွေးပေးပါဦး"

"သာမန်တော့ ဦးလေးတို့လည်း သိမှာပါ၊ နံနက်ပိုင်းက အာပေါချိန်ဖြစ်တဲ့အတွက် အပိတ်အဆို့မရှိအောင်၊ လက်ဖက်ရည်၊ ရေနွေးပူပူ၊ ယာဂု၊ စွပ်ပြုတ်စသည်ဖြင့် အဆာပြေ စားသင့်ပါတယ်၊ နေ့စာစားချိန်က တေဇောချိန် မို့လား ကြေညက်လွယ်တဲ့ အစာများ ပူ၊ ကန်၊ ပွင့်၊ ကြေတဲ့အစာကို များများ စားပေးပြီး၊ ညနေနဲ့ ညဦးပိုင်းမှာတော့ ဝါယောချိန်ဖြစ်လို့ လေလမ်းပွင့်တဲ့၊ အခါး၊ အငန် အရသာရှိတဲ့ အစာများကို စားသင့်ပါတယ်"

"အပူစာ၊ အအေးစာ၊ တက်စာ၊ သက်စာ ဆိုတဲ့ အရာတွေကို သရုပ်ခွဲပြရင် ကျွန်တော်တို့ စဉ်းစားပြီး စားရသောက်ရလွယ်မှာပေါ့၊ သိသလိုလိုနဲ့ ယောင်ဝါးဝါးဖြစ်နေတယ် ဆရာရဲ့"

"ဦးလေးချစ်ရေ အပူစာဆိုတာကတော့ သိမ်ဖြူဆရာတော်ကြီး အဆိုအရ

(၁) ဝမ်းတွင် ပူစေသော အစာအာဟာရများ၊
(၂) ဆီးပူ ဆီးနီသော အစာအာဟာရများ၊
(၃) အရသာအားဖြင့် စပ်၊ ခါး၊ ငန်၊ ချဉ်သော အစာ အာဟာရများ၊
(၄) များသောအားဖြင့် ပူသော အရပ်ဒေသမှာ ပေါက်ရောက်ဖြစ်ထွန်းသော အစာအာဟာရများ (ဇောင်ချမ်း၊ ခံတက်၊ ဆူးခေါက်နက်)
(၅) အပင်၊ အခက်၊ အရွက်များအရည်ဓာတ်နည်း၍ ခြောက်သွေ့သည်များ (ရှားစောင်းကြီး၊ ဥသျှစ်၊ ဆူးရစ်၊ ကုက္ကို၊ ထနောင်း စသည်)
(၆) အခွံအသားပါးလျားမာကြောသော အသီးများ (ဇာတိပ္ဖိုလ်၊ ဥသျှစ်)
(၇) ဆူးနှစ်အဖုအထစ်များသော သစ်ပင်တို့ရဲ့ အသီး၊ အရွက်၊ အခေါက် (မိုးနံ၊ ဆင်တုံးမနွယ်၊ ဇောင်ချမ်း၊ ရှောက်၊ သံပရာ စသည်)
(၈) ခုန်ပျံပေါ့ပါးလျင်မြန်စွာသွားတတ်သော ကုန်းနေသတ္တဝါများ (ကျား၊ ကြောင်၊ ကြက်၊ ငှက်၊ ခွေးနှင့် သေးငယ်သော သတ္တဝါများ)
(၉) ကောင်းကင်ပျံ သတ္တဝါများ (စွန်၊ သိန်းငှက် စသည်)
(၁၀) မာကျောသောအသံ၊ ချွန်သောအတက်ရှိသော သတ္တဝါများ (ကြက်၊ ဒေါင်း၊ ချိုး၊ ခါ)
(၁၁) အအိပ်နည်းသောသတ္တဝါများ (ခွေး၊ ကြောင်၊ ကြက်)
(၁၂) အနံ့ပြင်းသော၊အခိုးအငွေ့ရှိသော ပစ္စည်းများ (အရက်၊ အရက်ပြန်၊ ရှောက်၊ သံပရာ)
(၁၃) အခွဲဓာတ်၊ အစေးဓာတ်မပါ၊ အဆီနည်းသော ပူစပ်သောအရာများ (ယင်းပျား၊ မိဿလင်၊ ချင်း၊ ငရုတ်ကောင်း၊ ကြက်သွန်ဖြူ) စသည်တို့ဖြစ်ပြီး–

အအေးစာတွေကတော့–

(၁) ဝမ်းတွင်းအေးသော အစာအာဟာရများ၊
(၂) ဆီးအေး ဆီးဖြူသော အစာအာဟာရများ၊
(၃) ချိုဆိမ့်ချွဲသော အရသာရှိသည့်အစာများ၊
(၄) အေးသောအရပ်တွင် ပေါက်ရောက်လေ့ရှိသည့် အစာအာဟာရများ (ငှက်ပျော၊ ပိန္နဲ၊ မာလကာ၊ မင်းကွတ်)
(၅) အရွက်စိုရွှမ်း၍ စိမ်းလန်းမှုများသော အစာအာဟာရများ (ပဲစိမ်းစားဥ၊ သစ်တော်သီး၊ ဖရဲသီး)
(၆) အနွယ်အခက်ရှည်လျားသော အပင်များ၊ (ဘူး၊ဖရုံ၊သခွားစသည်)
(၇) အပင်စိုရွှမ်း၍ အုန်း၊ ထန်း၊ ပေ၊ ကြံပင်တို့မှ ထွက်သောအရည်များ၊
(၈) သားငါးနှင့်ပတ်သက်၍ ရေ၌ကျက်စားသောရေသတ္တဝါများ၊
(၉) အခွံရှိသော သတ္တဝါများ၊ (လိပ်၊ ဂုံး၊ ကနုကမာ၊ ခရုစသည်)
(၁၀) ရေကြိုက်များသော ကုန်းသတ္တဝါများ၊ (ဘဲ၊ ဝက်၊ ကျွဲ၊ ရေဝက်)
(၁၁) အညှီများလွန်းသောအစာအာဟာရများ၊ (ငါးသလောက်၊လိပ်၊ပုစွန်တုပ်)
(၁၂) ပျော့၊ အိနူးညံ့သော ကိုယ်သားကိုယ်ရေရှိသော သတ္တဝါများ၊ (လိပ်၊ ရေဝက်)
(၁၃) အသီးကြီးထွား၊ အသားများသော အသီးအနှံများ၊ (ဘူး၊ ဖရုံ၊ ဖရဲ၊ သခွား) စသည်တို့ဖြစ်ပါတယ်။

အပူနဲ့ယှဉ်တဲ့ အစာတွေကတက်စာပေါ့ (ဝါယောဓာတ်ပါပဲ)၊ အဲဒါတွေကတော့ မျှစ်၊ ရင်းပြား၊ တမာ၊ ဆေးပုလဲ၊ တောရှောက်၊ နနွင်း၊ ကြောင်ပန်း၊ ခံတက်၊ ခွေးတောက်၊ မလွှသီး၊ ထနောင်း၊ နှမ်း၊ ဂုံမင်း၊ ရှောက်၊ သက်ရင်းကြီး၊ ကုက္ကို၊ ကြိတ်မှန်၊ ဇီယာ၊ သဘော်ရွက်၊ ဖျောက်ဆိပ်ရွက်၊ ဂုံခါးရွက်၊ ပျဉ်းတော်သိမ်၊ ဟင်းကလာချဉ်တို့ပေါ့။

အအေးနဲ့ယှဉ်တဲ့ အစာတွေကတော့ သက်စာ (ဝါယောဓာတ်ပါပဲ)၊ ဘာတွေလဲဆိုတော့၊ မြေပုပ်ခရမ်း၊ ခရမ်းကစော့၊ မဲဇလီကြီး၊ မဲဇလီဖူး (ရွက်)၊ ချဉ်ပေါင်ခါး၊ ကနဖော့၊ ဖြိုးမွေး၊ ဖန်ခါးသီး၊ ဆား၊ မုတ်ခါး၊ ဆားခါး၊ ရှားစောင်း၊ ဇကရာဇ်၊ ပဲကြား၊ ကြိမ်ဖူး၊ ရှားစောင်းခါး၊ ကန့်ကလာ၊ ကုလားမျက်စိ၊ ကျီးအာရွက်၊ သပွတ်သီး၊ ကြက်ဟင်းခါးသီး၊ ဗုံလုံသီး (ရွက်)၊ လယ်ပဒူ ဆိုတာတွေပါပဲ၊ ကျန်တာတွေရှိဦးမှာပေါ့ခင်ဗျာ၊ ဒီနေရာမှာ သတိထားကြည့်ရင် အခါးချင်းတူပေမယ့် တမာ၊ ဆေးပုလဲ၊ နနွင်း၊ ခွေးတောက်တို့က တက်စာတွေဖြစ်ပြီး မဲဇလီ၊ ချဉ်ပေါင်ခါး၊ ဆားခါး၊ ကန့်ကလာတို့ကတော့ သက်စာတွေဆိုတာတွေ့နိုင်ပါတယ်"

"လူတစ်ဦးတစ်ယောက်မှာ အပူနာလား၊ အအေးနာခံစားနေရသလား ဆိုတာ သိဖို့ရောလွယ်မလားဆရာ"

"ဒါကတော့မြန်မာတိုင်းရင်းဆေး သမားတော်ကြီးများရဲ့ ပညာခန်းပေါ့ ဦးလေးချစ်ရာ၊ ကျွန်တော်ကြားဖူးတာထက် ဦးလေးချစ်တို့ပိုပြီးသိနေမှာပါ၊ ကျွန်တော်ဆွေးနွေးပေးမယ့်၊ လိုအပ်တာရှိရင် ဖြည့်စွက်ပေး၊ ဝင်ထောက်ပေးပေါ့ခင်ဗျာ"

စာမျက်နှာ ကော်လံ သို့ ➪

ကျန်းမာ ကြံ့ခိုင်ရေး ကြိုးပမ်း မြှင့်တင်ပေး

သူနာပြုသင်တန်းကျောင်း

ကျန်းမာရေးပြုစုစောင့်ရှောက်မှုအရည်အသွေးမြင့်မားရေးအတွက် ချင်းပြည်နယ် ဖလမ်းမြို့တွင် ဖွင့်လှစ်ပေးထားသည့် သူနာပြုသင်တန်းကျောင်းကို တွေ့ရစဉ်။

ဓာတ်ပုံ–သန့်ဇင်ထွန်း(ကြေးမုံ)

ကလေးမြို့ ပြည်သူ့ဆေးရုံ

ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် စစ်ကိုင်းတိုင်း ကလေးမြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသည့် ပြည်သူ့ဆေးရုံကြီးကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ–သတင်းစဉ်)

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ရှိ ပင်လုံ တိုက်နယ်ဆေးရုံကို တွေ့ရစဉ်။

(ဓာတ်ပုံ–ကြေးမုံ)

နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် တည်ဆောက်ပေးထားသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆီလူးဒေသရှိ ဆေးပေးခန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်များ ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

ဖိတ်ကြားထားသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဃ်န်းကျွန်းမြို့နယ် အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီတွင် သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်းရှိ အဆိုပါကျောင်းဝင်းဥပစာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျောင်းဆောင်သစ် အလှူရှင်များဖြစ်ကြသည့် ရွှေတောင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် တော်စတာ ဆောက်လုပ်ရေးမန်နေဂျင်း ဒါရိုက်တာ ဦးအုန်းမြင့်တို့က အမှတ်(၃၃) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား၂၀၈ပေ၊ အနံ ပေ၃၀ရှိ R.C အမျိုးအစား ခြောက်ခန်းတွဲ သုံးထပ်ကျောင်းဆောင်ဖြစ်ပြီး ၂၄ပေx ပေ၃၀ အကျယ်ရှိ စာသင်ခန်း ၁၄ခန်း ပါရှိကြောင်း သိရသည်။

တက်ရောက်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သဃ်န်းကျွန်းမြို့နယ် မလိခအိမ်ရာ စီမံကိန်းနှင့် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ကျောင်းဆောင်သစ် အလှူရှင် ရွှေတောင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၇၀၊ အနံပေ ၃၀ရှိ R.C အမျိုးအစားခုနစ်ခန်းတွဲ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စာသင်ခန်း ၁၀ခန်းပါရှိကြောင်း သိရသည်။

တက်ရောက်ချီးမြှင့်

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သဃ်န်းကျွန်း မြို့နယ် မလိခအိမ်ရာ စီမံကိန်းရှိ အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးအိုက်ထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ် မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၂၀၄ပေ၊ အနံပေ ၃၀ရှိ R.C အမျိုးအစားခြောက်ခန်းတွဲ သုံးထပ်ကျောင်းဆောင်ဖြစ်ပြီး ၂၄ပေ x ပေ ၃၀ အကျယ်ရှိ စာသင်ခန်း ၁၅ခန်း ပါရှိကြောင်း သိရသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၅)အခြေခံပညာ မူလတန်းကျောင်း၊ အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၃၃) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်များ ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အလှူရှင်များက ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ၌ ၁၉၉၄ ခုနှစ်တွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ တဲပေါ်မှ တိုက်ပေါ်တင် အိမ်ရာစီမံကိန်းများကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

သဃ်န်းကျွန်းမြို့နယ်၌ သီရိဂုဏ် အိမ်ရာစီမံကိန်း၊ ဝေဇယန္တာအိမ်ရာ စီမံကိန်း၊ သုမင်္ဂလာအိမ်ရာ စီမံကိန်း၊ ဇောတိကအိမ်ရာစီမံကိန်း၊ ကန်တော်မွန် အိမ်ရာစီမံကိန်း၊ ရွှေကိန္နရီ အိမ်ရာစီမံကိန်း၊ နှင်းဆီကုန်း အိမ်ရာစီမံကိန်းနှင့် မလိခအိမ်ရာစီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

အိမ်ရာစီမံကိန်းအဝန်းအဝိုင်းအတွင်း၌ ကျောင်းများ၊ ဈေး၊ ဆေးရုံ စသည့် အဆောက်အအုံများကိုလည်း တစ်ဆက်တစ်စပ်တည်း အဆင့်မြင့်တင် တည်ဆောက်ပေးခဲ့ကြောင်း။

ဆောက်လုပ်လှူဒါန်း

ယခုဖွင့်လှစ်ခဲ့သည့် သုမင်္ဂလာ အိမ်ရာစီမံကိန်းအတွင်းရှိ အမှတ်(၃၃) အခြေခံပညာ မူလတန်းကျောင်းကို ရွှေတောင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်နှင့် တော်စတာဆောက်လုပ်ရေးတို့က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး မလိခအိမ်ရာစီမံကိန်းအတွင်းရှိ အမှတ်(၁၅)နှင့် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်များကို ရွှေတောင်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း။

ယခုလှူဒါန်းသော ကျောင်းဆောင်သစ်များ၌ လမ်း၊ ခြံစည်းရိုး၊ ကျောင်းဝန်ထမ်းနေအိမ်၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေပေးရေး စနစ်များကို ထည့်သွင်းစီစဉ် ဆောင်ရွက်ထားရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေတောင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်... ဗိုလ်ချုပ်ကြီးခင်ညွန့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၅) အ... မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက်... ဗလာစာအုပ်နှင့် ခဲတံများကို ကျောင်းအုပ်ကြီးနှင့် ကျောင်းသား... များအား ပေးအပ်စဉ်။ (...

လွှဲပြောင်းပေးအပ်

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဗိုလ်မှူးကြီးတင်ထွန်းက ကျောင်းမြေနေရာများ၊ ကျောင်းဆောင်သစ်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန(ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြ... သည်။

ထို့နောက် မြန်မာ... ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံ... ချုပ် ဗိုလ်ချုပ်ကြီးခင်ည... ဆောင်သစ်ဖွင့်ပွဲ အခမ်... သည့် အခြေခံပညာမူ... သုံးကျောင်းမှ ကျောင်း... သူများအတွက် ကျေ... စာအုပ် ၁၉၆ဒါဇင်နှင့်... တို့ကို သက်ဆိုင်ရာ ... များနှင့် ကျောင်းသား၊... အား ပေးအပ်သည်။

ကွန်ပျူတာများ...

ဆက်လက်၍ ... မြန်မာနိုင်ငံတော်ဆိုင်... ပြည်သူ့သမ္မတနိုင်ငံ... H.E. Mr. Li Jinjun... ယခုကျောင်းဆောင်သ... သော အခြေခံပညာမူ... သုံးကျောင်းအတွက်... လျှင် ကွန်ပျူတာနစ်... ပေါင်း ကွန်ပျူတာ... သံအမတ်ကြီးကိုယ်စား... Yu Boren ကပေးအ... ရာ ကျောင်းအုပ်ကြီး... ယူကြသည်။

ယင်းနောက် အလှူ... သည့် ရွှေတောင် အင်... ကုမ္ပဏီလီမိတက်မှ ... ဦးအောင်သန်းတို့က ... May Garden မှ ... ဦးကျော်အောင်နှင့် ဦး... ငွေကျပ်သိန်း ၅၀၊ စ... တာယာကျွတ်စက်ရုံမှ... SSCအထူးကုဆေးခ... ဇော်ထွန်း၊ Asia M... ဟော်နှင့် ILBC Sch... မောင်ဝင်းတို့က ငွေက... ဦးခင်ဇော် (စွန်ညီ... ခေါက်ဆွဲ)က ငွေက... Tosta Group Ltd.... မောင် Asia Expre... Co., Ltd.တို့က ငွေ... စုစုပေါင်း လှူဒါန်းငွေ... တို့ကို ပေးအပ်လှူဒါန်း... တိုင်း အေးချမ်းသာယ... ရေးကောင်စီဥက္ကဋ္ဌ တို... မြင့်ဆွေကလက်ခံပြီး ဂု... လွှာများ ပြန်လည်ပေ...

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် ရွှေတောင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်နှင့် တော်စတာဆောက်လုပ်ရေးတို့က ဆောက်လုပ်လှူဒါန်းသည့် အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေးမှူးချုပ် ဦးအေးကြူက လက်ခံယူသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည့် အခြေခံပညာမူလတန်းကျောင်းသုံးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ၁၉၆ဒါဇင်နှင့် ခဲတံ ၆၆ဒါဇင်တို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်သည်။

ဆက်လက်၍ သဃ်န်းကျွန်းမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းနွဲ့က ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်အတွင်း စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကွန်ပျူတာများပေးအပ်

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun လှူဒါန်းသည့် ယခုကျောင်းဆောင်သစ်များ ဖွင့်လှစ်သော အခြေခံပညာမူလတန်းကျောင်းသုံးကျောင်းအတွက် တစ်ကျောင်းလျှင် ကွန်ပျူတာနှစ်လုံးစီဖြင့် စုစုပေါင်း ကွန်ပျူတာ ခြောက်လုံးကို

...တီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ...မြို့နယ် အမှတ်(၁၅) အခြေခံပညာ ...ကျောင်းသူများအတွက် ကျောင်းသုံး ...အုပ်ကြီးနှင့် ကျောင်းသား၊ကျောင်းသူ

(သတင်းစဉ်)

သံအမတ်ကြီးကိုယ်စား သံမှူးကြီး Mr. Yu Boren ကပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံယူကြသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသည့် ရွှေတောင် အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ဦးဝင်းရှိန်နှင့် ဦးအောင်သန်းတို့က ငွေကျပ်သိန်း၆၀၊ May Garden မှ ဦးအိုက်ထွန်း၊ ဦးကျော်အောင်နှင့် ဦးသိန်းဟန်တို့က ငွေကျပ်သိန်း ၅၀၊ စပါးနှံ စက်ဘီးတာယာကျွတ်စက်ရုံမှ ဦးလောကြာ၊ SSCအထူးကုဆေးခန်းမှ ဒေါက်တာဇော်ထွန်း၊ Asia Metal မှ ဦးရန်ဟော်နှင့် ILBC School မှ ဦးတင်မောင်ဝင်းတို့က ငွေကျပ် သိန်း ၃၀စီ၊ ဦးခင်ဇော် (စွန်ညီနောင် စွန်မင်းခေါက်ဆွဲ)က ငွေကျပ် ၂၅သိန်း၊ Tosta Group Ltd. နှင့် ဦးမောင်မောင် Asia Express Yangon Co., Ltd. တို့က ငွေကျပ် ၁၅သိန်းစီ စုစုပေါင်း လှူဒါန်းငွေကျပ် ၂၈၅သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးခြင်း၊ ကျောင်းများအတွက် ကွန်ပျူတာ၊ စာအုပ်စာတမ်းနှင့် အလှူငွေများကို လှူဒါန်းခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် တက်ရောက်အားပေးကြသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ သံရုံးတို့မှ သံရုံးအကြီးအကဲများ၊ စေတနာရှင်ပြည်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ အသစ်ဆောက်လုပ်သည့် ကျောင်းသုံးကျောင်းအနက် နှစ်ကျောင်းမှာ ယခင်ကရှိပြီး ကျောင်းနေရာများတွင် အသစ်တည်ဆောက်ပေးခြင်းဖြစ်ပြီး တစ်ကျောင်းမှာ Sanction အသစ်ခွင့်ပြုချက်ဖြင့် ကျောင်းအသစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

အဆင့်မြှင့်တင်လျက်ရှိ

နိုင်ငံတော်အစိုးရ၏ ဦးဆောင်စီမံမှုဖြင့် ကျောင်းအဆောက်အအုံအသွင်အပြင်များကို ကျောင်းအင်္ဂါနှင့် ညီညွတ်သောကျောင်းများအဖြစ် အဆင့်မြှင့်တင်လျက်ရှိရာ စေတနာရှင်ပြည်သူများက ဝိုင်းဝန်းပံ့ပိုးလှူဒါန်းခဲ့မှုကြောင့် ကျောင်းအင်္ဂါရပ်နှင့်ပြည့်စုံသော ကျောင်းအမြောက်အမြား ပေါ်ထွန်းခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာဆည်းပူးသင်ယူနိုင်ကြသည့်နည်းတူ မိဘများလည်း စိတ်ချမ်းသာမှု ရရှိခဲ့ကြကြောင်း။

နိုင်ငံတော်က ရန်ကုန်မြို့တော်ကြီးကို အဆင့်မြှင့်တင်ခြင်းနှင့် မြို့တော်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မား တိုးတက်လာရေးအတွက် တဲပေါ်မှတိုက်ပေါ်တင် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းအပြင် အိမ်ရာစီမံကိန်းများအတွင်း အိမ်ရာစီမံကိန်းအင်္ဂါရပ်နှင့် ညီညွတ်အောင် ကျောင်း၊ဆေးရုံ၊ဈေး၊လမ်း စသည်များကိုလည်း မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ရလဒ်ကောင်းများပေါ်ထွန်း

နိုင်ငံတော်အစိုးရ၏ ဦးဆောင်စီမံမှုဖြင့် လုပ်ငန်းရှင်များ၊ ပြည်သူများကပါ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုကြောင့် ယခုကဲ့ သို့သော ရလဒ်ကောင်းများ ပေါ်ထွန်း လာခြင်းပင်ဖြစ်ကြောင်း။

ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်အောင် အဆင့်မြှင့်တင်၍ မြို့တော်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မား တိုးတက်လာရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာရှိနေသေးကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် ယခုကဲ့သို့ တက်ညီလက်ညီဖြင့်ဆက်လက် ပါဝင်ဆောင်ရွက်ကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းဆောင်သစ်အတွင်း စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၃၃) အခြေခံပညာ မူလတန်းကျောင်းအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Jinjun လှူဒါန်းသည့် ကွန်ပျူတာနှစ်လုံးကို သံအမတ်ကြီးကိုယ်စား သံမှူးကြီး Mr. Yu Boren က ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၄

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ်(၁၂) စဥ့်အိုးတန်းလမ်း လသာမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသင်း၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် ဝါးခယ်မနွယ်ဖွား သံဃာတော် ၁၆ပါးတို့အား သင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော အသင်းသားများသည် သံဃာတော်တစ်ပါးလျှင် သင်္ကန်းနှင့် ဆွမ်းအတွက် အလှူငွေ ကျပ် ၃၅၀၀ကို အသင်းတိုက် ဖုန်း-၂၂၆၅၉၀ သို့ ဩဂုတ် ၁၉ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဝါးခယ်မမြို့တွင် ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့)၌ သကျမဟာသီရိဘုရားကြီး ရေကြည်တော်ဝတ်အသင်းက ဦးစီး၍ မြို့နယ်လုံးကျွတ် ကျင်းပမည့် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ပါဝင်လှူဒါန်းလိုပါကလည်း အသင်းတိုက်သို့ သင်္ကန်းတစ်စုံလျှင် ကျပ် ၃၀၀၀နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဇူလိုင် ၂၈ရက် နောက်ဆုံးထား၍ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဇူလိုင် ၂၄ရက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်နေသော ပါရမီခုံးကျော်တံတား ကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြ... အစီအစဉ်

၂၅-၇-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်... ဆရာတော်ကြီး နိုင်ငံ... သံဃမဟာနာယကအ... အကျိုးတော်ဆောင်ရ... အဘိဓဇ မဟာရဋ္ဌဂုရ... အဘိဓဇ အဂ္ဂမဟာ ... ဇောတိက၊ တိပိဋက... ဓမ္မဘဏ္ဍာဂါရိက ဆရာ... ဘဒ္ဒန္တ ဝိစိတ္တသာရာဘ... ၏ ပရိတ်တရားတော...**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစာ...

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာ...

၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ

၈:၀၅ ၆။ အကပြိုင်ပွဲ

၈:၁၅ ၇။ ကျောက်ကြီးပေါက်တ...

၈:၃၀ ၈။ International Ne...

၈:၄၅ ၉။ Say it in Englis...

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်...

၁၁:၃၀ ၄။ ကွမ်ရှီဒေသဖွံ့ဖြိုးမှုနှင့် China Asean Expo 2...

၁၁:၃၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ... သစ္စာချစ်ပန်း (အပိုင်း-...**

၁၂:၁၅ ၆။ **မြန်မာရုပ်ရှင် အချစ်ကိုမွေးဖွားခြင်း (ရန်အောင်၊ လူမင်း၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်... (ဒါရိုက်တာ-မောင်တ...**

၂:၄၅ ၇။ International New...

၃:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်...

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရ... ထက်မြက်ရေးတေး...

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ အဝေးသင် တက္က... ပညာရေး ရုပ်မြင်သံ... သင်ခန်းစာ -ဒုတိယနှစ် (သတ္တ... ရက္ခဗေဒ အထူးပြုမ... (သတ္တဗေဒ)

၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်... ရိုးရာ တေးသံသာ

၅:၁၅ ၆။ တေးဂီတအစီအစဉ်

၅:၃၀ ၇။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား

၅:၄၀ ၈။ မြန်မာစာ၊ မြန်မာစ...

၅:၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြ...

၆:၃၀ ၁၀။ ညနေခင်းသတင်း

၇:၀၀ ၁၁။ မိုးလေဝသအခြေအ...

၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်း... နှင်းပွင့် (အပိုင်း-၃... (ဇာတ်သိမ်းပိုင်း)**

၇:၃၅ ၁၃။ တေးဂီတအစီအစဉ်

၇:၄၅ ၁၄။ ကျေးလက်ဒေသတ... အလှဆင်

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်း

၁၇။ မိုးလေဝသအခြေအ...

၁၈။ **နိုင်ငံခြားဇာတ်လမ်း... နှလုံးသားထဲက တစ်ခုတည်းသော ... (အပိုင်း-၁၀)**

၁၉။ နောက်တစ်နေ့အစီ...

၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ပရိသတ်များ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဇ မဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် အဆိုပါကျောင်းတိုက်ရှိ မဟာဇယမင်္ဂလာ သုံးထပ်သိမ်ကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ပညာဇောတနှင့် ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. A.B. Manjoor Rahim နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ကျောင်းဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အောင်မြေဘုံစံကျောင်းတိုက်ဆရာတော် အမှူးပြုသည့် ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန်၊ ကျောင်းဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပြည်ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိက အနုမောဒနာတရားနှင့် ရေစက်ချတရားတော်တို့ကို ဟောကြားချီးမြှင့်တော်မူရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသည့် ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ပရိသတ်များ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၆မှ

အပူကဲပြီး ဝေဒနာခံစားနေရတဲ့သူရဲ့လက္ခဏာတွေကတော့–

(၁) အေးသောပတ်ဝန်းကျင်တွင် ဝေဒနာတိုးခြင်း၊ (၂) ဆီးနီ/ဝါခြင်း၊ (၃) ခန္ဓာကိုယ်ဘယ်ဘက်ခြမ်း အကြောတင်းခြင်း၊ (၄) ပူသောအစားအစာ၊ ဆေးတို့ကို စားမိလျှင် ရောဂါတိုးခြင်း၊ (၅) ဒေါသကြီးခြင်း၊ (၆) အသံမာခြင်း၊ (၇) အသားအရေ ခြောက်ခန်းပိန်လှီခြင်း ဆိုတာတွေပါပဲ။

အအေးကဲပြီး ဝေဒနာခံစားနေရတဲ့သူကတော့–

(၁) ပူသောဥတုအခါများတွင် ဝေဒနာတိုးခြင်း၊ (၂) ဆီးဖြူခြင်း၊ ကြည်ခြင်း၊ များခြင်း၊ (၃) ခန္ဓာကိုယ်ညာဘက်ကြောတင်းခြင်း၊ (၄) အေးသောအစားအစာနဲ့၊ အအေးဆေးများစားမိလျှင် ရောဂါတိုးခြင်း၊ (၅) ဒေါသနည်းခြင်း၊ (၆) အသံပျော့ခြင်း၊ (၇) ပိန်ခြောက်မနေခြင်း ဆိုတာတွေနဲ့ ကိုက်ညီရင် အအေးနာ၊ အအေးဝေဒနာရှင်၊ အအေးကဲနေသူပါပဲ”

“ဒါဆို အအေးကဲနေသူက အပူစာစား၊ အပူကဲနေသူက အအေးစာစားပေါ့ဆရာ၊ မဟုတ်ဘူးလား”

“အခြေခံကတော့ ဟုတ်ပါတယ်ခင်ဗျာ၊ ဒါထက် နက်နဲတာလဲရှိဦးမှာပါ”

“အဲဒါ အဓိကပဲဆရာရဲ့၊ ကျွန်တော်တို့တစ်တွေ အိပ်ရာထဲလဲမှ ဆရာပင့်တာထက်၊ အပူစာ၊ အအေးစာ၊ တက်စာ၊ သက်စာ ဝေခွဲ၊ ကိုယ်ကိုယ်တိုင်က ခန္ဓာကိုယ်မှာ အပူဆောင်နေသလား၊ အအေးဆောင်နေသလား ဆန်းစစ်ပြီး ချင့်ချိန်စားသုံးရင် ဘယ်ရောဂါကပ်နိုင်တော့မှာလဲဗျာ၊ ကျွန်တော်တို့ မြတ်ဗုဒ္ဓ ဟောကြားခဲ့တဲ့ ခုနအချက်နှစ်ချက်ကို လိုက်နာနိုင်ရင် အသက်(၈၀)အထိ နေလို့ရပြီသာ မှတ်လိုက်ပေတော့ ကိုဘချောရေ”ဟု ဦးလေးချစ်က ဆိုလိုက်ပါသည်။

“အသက်ရှည်ရှည်နေရတာကောင်းသလို၊ နေရတဲ့ရက်တိုင်း ဝိပဿနာတရားကိုလည်း အမြဲမမေ့ဖို့လိုမယ်နော်၊ ဒါမှလည်း အသက်ရှည်ရကျိုးနပ်ကြမယ်”ဟု ဦးလေးဦးစံမောင်က ဖြည့်စွက်ပြောလိုက်ပါသည်။

“နောက်ထပ်အရေးကြီးတဲ့ အချက်(၃)ချက် ကျန်ပါသေးတယ်ခင်ဗျ”

ကျွန်တော့်စကားကြောင့် ဦးလေးသုံးယောက်စလုံးက ဘာတွေများလဲ ဟူသောအကြည့်ဖြင့် ကျွန်တော့်ကို ဝိုင်းကြည့်နေကြပါ၏။ ။

နဝင်းကျောင်းတိုက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူဉာဏရပ်ကွက် ရွှေနံ့သာကျေးရွာနဝင်းကျောင်းတိုက်ကြီး၌ နဝင်းဆရာတော် အရှင်ခေမာစာရအား အမှူးထား၍တပည့်၊ ဒါယကာ၊ ဒါယိကာမစုပေါင်း၍ ၁၃၆၆ခု ဒုတိယဝါဆိုလဆန်း ၁၄ ရက် နံနက် ၈နာရီတွင် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်၍လပြည့်နေ့ ဇူလိုင် ၂၄ရက် (စနေနေ့) နံနက်၉နာရီတွင် ဆရာတော်ကြီးများအား ခုနစ်ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတတရားတော် ပဋ္ဌိကမင်္ဂနှင့်အဋ္ဌိကမင်္ဂ**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -မြန်မာ့လေ့ထုံးတမ်းဥပဒေ (ဒုတိယနှစ်-ဥပဒေပညာအထူးပြု)**
- **၄:၄၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၁။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ် (အပိုင်း-၁၀)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၈။ ယနေ့ညအတွက်တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အမှန်တရားဘက်ကလှုပ်ရှားတေးသမား (အပိုင်း-၂၃)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့်ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် စွမ်းအင်ဝန်ကြီးဌာနဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၂၄

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့သို့ ယမန်နေ့ကရောက်ရှိပြီး ကွမ်းခြံကုန်းမြို့ အောင်ဆန်းသူရိယလှသောင်းဘောလုံးကွင်း၌ ကျင်းပသည့် ၂၀၀၄ခုနှစ်စွမ်းအင်ဝန်ကြီးဌာနဖလား ပထမအကြိမ် ရပ်ကွက်/ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာကွမ်းခြံကုန်းမြို့နယ်သို့ အားကစားဝန်ကြီးဌာနက လှူဒါန်းသည့်ဘောလုံး၂၀ကို အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်လုပွဲကို ညနေ ၃နာရီတွင်ကျင်းပရာ ကံကြီးမကျီးရပ်ကွက် ဘောလုံးအသင်းက တော်ကူးကျေးရွာ ဘောလုံးအသင်းကိုခြောက်ဂိုးဂိုးမရှိဖြင့်အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် နေရာအလိုက်အကောင်းဆုံးဘောလုံး သမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမား နှင့်ဒုတိယ၊ တတိယဆုရရှိသော ဘောလုံးအသင်းများအား တာဝန်ရှိသူတို့က တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသွားသော ကံကြီးမကျီး ရပ်ကွက် ဘောလုံးအသင်းအား စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာနဖလားနှင့်တစ်ဦး ချင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့ အောင်ဆန်းသူရိယလှသောင်း ဘောလုံးကွင်းတွင် ကျင်းပသည့် ၂၀၀၄ ခုနှစ် စွမ်းအင်ဝန်ကြီးဌာန ဖလား ပထမအကြိမ် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ကံကြီးမကျီးရပ်ကွက် ဘောလုံးအသင်းအား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာနဖလား ဆုပေးအပ်ချီး မြှင့်စဉ်။ (စွမ်းအင်)

ပျိုးသက်နုစပါး စိုက်ပျိုးရေးစနစ် အောင်မြင်ဖြစ်ထွန်းမှုများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် နောင်ခမ်းကျေးရွာ စိုက်ပျိုးရေးဘက်စုံ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ စပါးစိုက်ပျိုးရေး နည်းစနစ်သစ်တစ်ခုဖြစ်သော ပျိုးသက်နုစပါး စိုက်ပျိုးရေးစနစ် (SRI) (System of Rice intensification) အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများနှင့်အတူ ဇူလိုင် ၂၂ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ခင်မောင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်တွင် ပျိုးသက်နု စပါးစိုက်ပျိုးရေးစနစ် အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုအားပေးစဉ်။
(အပေါ်ပုံနှင့် အောက်ပုံ) (လယ်/ဆည်)

ရှေးဦးစွာ ဒုတိယဝန်ကြီးအား စိုက်ပျိုးရေး နည်းပြဆရာများက ပျိုးသက်နုစပါး စိုက်ပျိုးရေးနည်းစနစ်သစ် အကြောင်းကို ရှင်းလင်းတင်ပြပြီး ပင်ပွား ၁၈မှ ၂၀ရှိ စပါးမျိုးကွဲအလိုက် စိုက်ပျိုးထားသော ၂၄ရက်သား စပါးခင်းများကို လိုက်လံရှင်းလင်းပြသကြသည်။

ဤပျိုးသက်နုစပါးစိုက်ပျိုးရေးစနစ်အရ တစ်ကေလျှင် မျိုးစပါးနှစ်ပြည်သာ သုံးစွဲသည်။ ပျိုးသက်နုချိန်တွင် တစ်ပင်ချင်း ကျဲကျဲစိုက်ပျိုးသောစနစ်ဖြစ်ပြီး ပင်ပွား ၅၀ကျော်သဖြင့် တစ်ဧကစပါးအထွက်နှုန်းသည် တစ်ဝက်မှ တစ်ဆကျော်တိုးလာကြောင်း ယမန်နှစ် စိုက်ပျိုးစမ်းသပ်ချက်များအရ သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျိုးသက်နုစပါးများ စိုက်ပျိုးပုံနှင့်အပင်ရောဂါ ပိုးမွှားကာကွယ်ရေး စနစ်များကိုကြည့်ရှုပြီး ပျိုးသက်နုစပါး စိုက်ပျိုးရေးစနစ်ဖြင့် နွေစပါးကို အောင်မြင်စွာ စိုက်ပျိုးထားသော ဆိုက်ခေါင်ကျေးရွာရှိ စပါးစိုက်ခင်းကို လှည့်လည်ကြည့်ရှုကြသည်။ ပျိုးသက်နုစပါး စိုက်ပျိုးရေးစနစ်သည် လယ်မြေဧက ပိုင်ဆိုင်မှုနည်းပြီး ရေသွင်းရေထုတ် ပြုလုပ်နိုင်သော တောင်သူများအတွက် ပင်ပွားများပြီး အထွက်နှုန်းတိုးသည့် စပါးစိုက်ပျိုးနည်း စနစ်သစ်တစ်ခုဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စပါးကရွှေ ငါးကငွေ လယ်ယာသားငါး ပြည့်စုံစီးပွား

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၉မိုင် အေဝမ်းခြံလမ်း အမှတ်(၁၄၈-ဘီ)၊ (၁/၂)နေ ကွယ်လွန်သူဦးအေးဖေအားရည်စူး၍ အစ်မ ဒေါ်သန်းတင်၊ဇနီး ဒေါ်တင်အေးနှင့် သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်း ငါးထောင်ကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ဇူလိုင် ၁၈ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ်(၆)သစ်စက် အရာရှိရိပ်သာ ဗိုလ်တထောင်မြို့နယ်နေ ဦးထိန်ဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိရမည်

※ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

※ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ထွေး ခရမ်းမြို့ ပြည်သူ့ဆေးရုံ၌အထူးကုဆရာဝန်ကြီးများအဖွဲ့က ဒေသခံပြည်သူများအား စစ်ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ထွေးတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်တို့သို့သွားရောက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ၏စီစဉ်မှုဖြင့် အထူးကုဆရာဝန်ကြီးများအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ထွေးတို့သည် နံနက် ၈နာရီတွင် သုံးခွမြို့သို့ ရောက်ရှိကြရာ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီး

ထွန်းကြည်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ၊ တိုင်း ကျန်းမာရေးဦးစီးမှူးနှင့် ကော်မတီဝင်များ၊ ရန်ကုန် တောင်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယ ဗိုလ်မှူးကြီးအောင်ပြည့်နှင့် တာဝန်ရှိ သူများက ကြိုဆိုကြသည်။

ရှင်းလင်း

ထို့နောက် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ သုံးခွ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် တွေ့ဆုံရာ ရန်ကုန် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင် သက်ထွေးက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းကြီး ၏ ရေ့လုပ်ငန်းစဉ်များကို ရန်ကုန် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက် ရေး ကြီးကြပ်မှုကော်မတီက အကောင် အထည်ဖော်ဆောင်ရွက်နေမှု အခြေ အနေများ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဝင်များက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်း များနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက သုံးခွမြို့နယ်အတွင်းမှ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ခွဲစိတ်ကုသရန် အလှူ ငွေကျပ်တစ်သိန်းကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်စိုးစိုးလှ အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်စိုးစိုးလှက သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်းမှ ရေ့လုပ်ငန်းစဉ် များ အကောင်အထည်ဖော်ဆောင်ရွက် နေမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ရုပ်သိမ်း

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်က မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက မြို့နယ်အတွင်း စံပြကျေးရွာများ တည်ထောင်နိုင်ရေး နှင့် ဒေသခံပြည်သူများ ကျန်းမာရေး နှင့် ညီညွတ်သည့် ပတ်ဝန်းကျင်၌ နေထိုင်တတ်စေရေးတို့ကို ဆောင်ရွက် ကြရန် ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက မိခင်နှင့်ကလေးစောင့်ရှောက် ရေး ရာသက်ပန်အသင်းဝင် အဆိုပြု လွှာ ၁၂၂ စောင်ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင် သက်ထွေးအားပေးအပ်ပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက် ထွေးနှင့်အဖွဲ့သည် ခရမ်းမြို့ ဘိုးဘွား ရိပ်သာသို့ရောက်ရှိပြီး အဘိုးလေးဦးနှင့် အဘွား ၁၇ဦးတို့အား ထောက်ပံ့ငွေ များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင် များသည် ဘိုးဘွားရိပ်သာကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ် သည်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင် များသည် ခရမ်းမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သို့ရောက်ရှိပြီး ဗြဟ္မစိုရ်ခန်းမ၌ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ နာယက ဒေါ်ခင်သက်ထွေး က မြို့နယ် မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင် ရွက်ရမည့် အခြေအနေများ၊ ဒေသ အာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အကောင် အထည်ဖော်ဆောင်ရွက်ရမည့် အခြေ အနေများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

လက်ခံရယူ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ခရမ်းမြို့နယ်မှ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာ ရှင်များအားခွဲစိတ်ကုသရန် အလှူငွေ ကျပ်တစ်သိန်းနှင့် ခရမ်းမြို့ ဘိုးဘွား ရိပ်သာအတွက် မတည် အလှူငွေ ကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေး အသင်းဥက္ကဋ္ဌ ဒေါ်လှလှမော်နှင့် ဘိုးဘွားရိပ်သာကော်မတီဝင် ဦးကျော် မြင့်အောင်တို့က လက်ခံရယူကြ သည်။

ဆက်လက်၍ ခရမ်းမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဆောင် ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးမှူးက မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်း များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး သည်။

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက မိခင်နှင့် ကလေးစောင့် ရှောက်ရေး ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ အစောင် ၅၀၀ ကိုပေးအပ်ရာ ရန်ကုန် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင် သက်ထွေးက လက်ခံရယူပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

မှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ထွေး နှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့ ပြည်သူ့ ဆေးရုံ၌ အဖွဲ့ဝင်အဖြစ် လိုက်ပါလာ ကြသည့် ဒေါက်တာ ဇော်ဝင်း ခေါင်းဆောင်သော အထူးကုဆရာဝန် ကြီးများအဖွဲ့က ဒေသခံပြည်သူများ အား မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါ၊ ကလေးရောဂါ၊ သားဖွား မီးယပ်ရောဂါများနှင့် အကြော အဆစ်ပြန်လည်သန်စွမ်းရေး စစ်ဆေး ကုသပေးနေမှု အခြေအနေများ၊ တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့် ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှု အားပေးပြီး ခရမ်းမြို့ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်းမပြုပြင်ထားရှိမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိ သူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် ဇနီးတို့သည် ခရမ်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း မူလတန်းကြိုကျောင်းသို့ ရောက်ရှိပြီး ကလေးငယ်များ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှု အားပေးကာ ရင်သွေးငယ်ကလေးငယ် များအား မုန့်များဝေငှသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ နာယက ဒေါ်ခင်သက် ထွေး သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့ဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(ရ-က-တ)

စိန်စည်သာသနာ့ရိပ်သာ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၄

ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၈-ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ စိန်စည် သာသနာ့ ရိပ်သာအတွင်း သီတင်းသုံး ဝါကပ် တော်မူမည့် သံဃာတော်တို့အား တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ စုပေါင်း၍ (ဒုတိယ ဝါဆိုလဆန်း ၉ရက်) ဇူလိုင် ၂၅ ရက် တွင် သင်္ကန်းတစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် လှူဒါန်းမည်ဖြစ်ရာ ဖုန်း-၅၈၀၁၆၇ သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူးညနေ သန့်ရှင်းရေးအသင်း၏ နှစ်စဉ် ကျင်းပ မြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နှစ်ပတ်လည်ရေစက်ချပွဲကို ၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ (စနေ နေ့)တွင် ရွှေတိဂုံစေတီတော်ရင်ပြင် တော်ရှိ ဗုဒ္ဓဟူးညနေ သန့်ရှင်းရေး အသင်း တန်ဆောင်းတွင် ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် နှစ်ပတ်လည်ရေစက်ချပွဲ တွင် အသင်းသား၊ အသင်းသူများက စုပေါင်း၍ ပင့်သံဃာ ၁၁ ပါးတို့အား ဝါဆိုသင်္ကန်း၊ ဆွမ်းနှင့်လှူဖွယ်ဝတ္ထု များ ဆက်ကပ်လှူဒါန်းခြင်း၊ ရွှေတိဂုံ စေတီတော် မုခ်လေးမုခ်မှ ရုပ်ပွားတော် လေးဆူးအပါအဝင် ရုပ်ပွားတော် ကိုးဆူတို့အား ဝါဆိုရွှေကြာ သင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ကြောင်း သိရ သည်။ (က-ပ)

သက်ကြီးကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၄ ခုနှစ်တွင် ကျရောက်သော မြန်မာနိုင်ငံ ဗိသုကာ ပညာနှစ် (၅၀)ပြည့် ရွှေရတုကို ကြိုဆိုသောအား ဖြင့် သြဂုတ် ၁ ရက် (တနင်္ဂနွေနေ့) ၁ နာရီတွင် ဘုရင့်နောင်လမ်း Lion City Restaurant ခန်းမ၌ ဗိသုကာ ဆရာကြီးများ၊ သက်ကြီး ဗိသုကာ များအား ပူဇော်ကန်တော့ကြမည်။

ဆက်လက်၍ ဗိသုကာ ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ပြဇာတ်၊ အငြိမ့်တို့ဖြင့် ဖြေဖျော်၍ ညစာစားပွဲကို ဆက်လက် ကျင်းပမည်ဖြစ်ရာ မြန်မာ နိုင်ငံမှ ဗိသုကာများ မပျက်မကွက် ကြွရောက်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၄

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာကေ၊ နာတ်ဝါဆင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည်အိန္ဒိယသမ္မတ နိုင်ငံသို့ တရားဝင်ခရီးသွားရောက်ရန် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်း ခရီးဖြင့် ရန်ကုန်မြို့မှ နယူးဒေလီမြို့သို့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

ပို့ဆောင်

ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများဖြစ်ကြသောဦးခင်မောင်ဝင်း နှင့်ဦးကျော်သူ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံမစ္စတာ ရာဟူးလ် ကူလ်ရှ်ရက်ရှ်(တ်)တို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ နိုင်ငံခြား ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်း အောင်နှင့်အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသောင်းထွန်းနှင့် အထူး အရာရှိ ဦးမင်းသိမ်းတို့လည်း လိုက်ပါ သွားကြသည်။

(သတင်းစဉ်)

L.G ဖလား ဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာအသင်းလေ့ကျင့် မြန်မာပါသည့်အုပ်စုတွင် အိန္ဒိယနှင့် အိမ်ရှင် ဗီယက်နမ်တို့ပါဝင်

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဇူလိုင် ၂၄

ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် L.G ဖလား ဘောလုံးပြိုင်ပွဲကျင်းပရန် ရက် ၂၀ကျော်မျှသာ လိုတော့သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း လေ့ကျင့်ပြင်ဆင်နေမှုများကို ကြေးမုံက သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

နည်းပြချုပ် ဦးတင်ဟန် ကြေးမုံသို့ ရှင်းလင်းပြောကြားစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မေလကုန်ခါနီးမှစ၍ အားကစားသမား ၃၆ ဦးဖြင့် စတင်လေ့ကျင့်ခဲ့သည်။ ဇွန်လလယ်တွင် နှစ်သင်းခွဲ၍ ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ပြီး ကစားသမား ငါးဦးကို လျှော့ချခဲ့သည်။ ဆက်လက်၍ ယခုလလယ်တွင် အဆင့်မြင့်တန်း ညွှန့်ပေါင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ထပ်မံကစားပြီး ကစားသမားခြောက်ဦးကို ထပ်မံလျှော့ချခဲ့ရာ ယခုအခါ ပဏာမလက်ရွေးစင် ၂၅ဦးဖြင့် ဆက်လက်လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ပြည်တွင်း ခြေစမ်းပွဲများ ကစားပြီးဖြစ်ရာ ဩဂုတ်လ ပထမပတ်နှင့် ဒုတိယပတ်တို့တွင် နိုင်ငံတကာ ဖိတ်ခေါ်ခြေစမ်းပွဲများ ကစားမည်ဖြစ်သည်။ လာရောက်ခြေစမ်းမည့် အသင်းများမှာ အိန္ဒိယနိုင်ငံမှ အနောက်ဘင်ဂေါအသင်းနှင့် စင်ကာပူနိုင်ငံမှ ခြသေ့်မြို့တော်အသင်းတို့ ဖြစ်သည်။ ပဏာမ မြန်မာ့လက်ရွေးစင်အသင်းသည် အနောက်ဘင်ဂေါအသင်းနှင့် နှစ်ပွဲ၊ ခြသေ့်မြို့တော်အသင်းနှင့် တစ်ပွဲ စုစုပေါင်း သုံးပွဲ ခြေစမ်းကစားမည်ဖြစ်ပြီး အဆင့်မြင့်တန်း လူငယ်ညွှန့်ပေါင်းအသင်းက နှစ်သင်းစလုံးနှင့် တစ်ပွဲစီ ခြေစမ်းကစားမည်ဖြစ်သည်။

ဩဂုတ် ၃ရက်၌ ပဏာမ မြန်မာ့လက်ရွေးစင်အသင်းနှင့် အနောက်ဘင်ဂေါ၊ ၅ရက်၌ လူငယ်ညွှန့်ပေါင်းနှင့် အနောက်ဘင်ဂေါ၊ ၇ရက်၌ ပဏာမ မြန်မာ့လက်ရွေးစင်အသင်းနှင့် အနောက်ဘင်ဂေါ၊ ၉ရက်၌ ညွှန့်ပေါင်းလူငယ်အသင်းနှင့် ခြသေ့်မြို့တော်အသင်း၊ ၁၁ရက်၌ ပဏာမ မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြသေ့်မြို့တော်အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

L.G ဖလား ဘောလုံးပြိုင်ပွဲဝင်ရန် စခန်းသွင်းလေ့ကျင့်နေသော ပဏာမ မြန်မာ့လက်ရွေးစင်အသင်း၏နည်းပြချုပ် ဦးတင်ဟန်အား ကြေးမုံကသိလိုသည်များကို မေးမြန်းခဲ့သည်။

ရှေးဦးစွာ ဦးတင်ဟန်က "မိမိတို့အသင်း ပါဝင်သည့် အုပ်စုမှာ ကျပ်ကြောင်း၊ ယခုပြိုင်ပွဲသို့ အသင်းခြောက်သင်း ပါဝင်ပြီး သုံးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ကြောင်း၊ (က)အုပ်စုတွင် မြန်မာ၊ အိန္ဒိယ၊ အိမ်ရှင်ဗီယက်နမ်၊ (ခ)အုပ်စုတွင် ကိုရီးယားညွှန့်ပေါင်းတက္ကသိုလ်၊ မလေးရှား၊ ဟိုချီမင်းလူငယ်တို့ ပါဝင်ကြကြောင်း၊ မြန်မာအသင်းပါဝင်သည့် (က)အုပ်စုသည် လက်ရွေးစင် သုံးသင်းစလုံး ပါဝင်နေ၍ အုပ်စုကျပ်ကြောင်း၊ အုပ်စုအဆင့်ကျော်ရန် အလွန်ကြိုးစားရမည်ဖြစ်ကြောင်း၊ အုပ်စုပွဲစဉ်အရ အိမ်ရှင်ဗီယက်နမ်က အသာရနေသည်ကို တွေ့ရကြောင်း၊ ဩဂုတ် ၂၀ရက်တွင် မြန်မာနှင့် ဗီယက်နမ် စတွေ့ပြီး တစ်ရက်သာနားပြီး ၂၂ရက်တွင် အိန္ဒိယနှင့် ဆက်ကစားရမည်ဖြစ်ကြောင်း၊ ၂၄ရက်ကျမှ အိန္ဒိယနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ အဖွင့်ပွဲတွင် ဗီယက်နမ်ကို သရေကစားနိုင်လျှင် အုပ်စုတက်ရန် အလားအလာ ကောင်းနိုင်ကြောင်း၊ ဗီယက်နမ်အသင်းတွင် ပြီးခဲ့သည့် ဆီးဂိမ်းတွင် ကစားခဲ့သည့် ကစားသမား အများစုပါဝင်မည်ဟုထင်ကြောင်း၊ ဗီယက်နမ် ကစားပုံကို တွေ့ဖူးသော်လည်း အိန္ဒိယလက်ရွေးစင်အသင်း ကစားပုံကို မတွေ့ဖူးသေးကြောင်း၊ အသင်းကို အကောင်းဆုံးပုံစံ ဖြစ်အောင် တည်ဆောက်ပြီး အောင်မြင်မှုရအောင် ကြိုးစားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဦးတင်ဟန်က လေ့ကျင့်မှုအနေအထား၊ ကစားသမားရွေးချယ်ပုံ၊ ကစားကွက် အနေအထားတို့နှင့် ပတ်သက်၍ ဤသို့ ပြောပြသည်။

"မိမိအနေဖြင့် ပဏာမလက်ရွေးစင်အသင်းကို မေ ၂၄ ရက်မှ စတင်လေ့ကျင့်ပေးခဲ့သော်လည်း တကယ်တမ်း အသင်းကို ပြင်းပြင်းထန်ထန် လေ့ကျင့်ရသည်မှာ ရက်ပိုင်းမျှသာ ရှိသေးကြောင်း၊ ကစားသမားများ မိခင်ကလပ်ပွဲစဉ်များရှိနေ၍ လေ့ကျင့်မှုကို ခပ်မှန်မှန်သာလုပ်ခဲ့ရကြောင်း၊ ကစားသမားများ ကလပ်ပွဲများ ကစားနိုင်အောင် လေ့ကျင့်မှုကို ဘောလုံးဖြင့်သာ လုပ်ခဲ့ရပြီး ကြံ့ခိုင်မှု၊ အသင်းလိုက် ကစားကွက်များ မလုပ်ခဲ့ရကြောင်း၊ ကလပ်ပွဲများ ယခုလ ၁၂ရက်ကျမှ ပြီးဆုံးခဲ့ကြောင်း။

"မိမိတို့အနေဖြင့် ညွှန့်ပေါင်းလက်ရွေးစင်နှင့် ခြေစမ်းပွဲများအပြီးတွင် ဩဂုတ် ၃ ရက်မှစ၍ နိုင်ငံတကာ ခြေစမ်းပွဲများရှိနေ၍ လေ့ကျင့်ပြင်ဆင်ချိန် နှစ်ပတ်ကျော်သာရရှိကြောင်း၊ ပထမအပတ်တွင် ကစားသမားတိုင်း မဖြစ်မနေ လိုအပ်သည့် ကြံ့ခိုင်မှုအပိုင်းကို ဦးစားပေး လေ့ကျင့်ပြီး ဘောလုံးပညာ၊ တွဲလုံးများကို အချိန်ပိုင်း လေ့ကျင့်ပေးကြောင်း၊ ဒုတိယပတ်တွင် အသင်းကစားကွက်၊ အုပ်စုအလိုက် တွဲလုံးများ၊ ထောင့်ကန်ဘော၊ ပြစ်ဒဏ်ဘော၊ ပိုင်နယ်တီ စသည့် အသင်းလိုက် ကစားကွက်များကို လေ့ကျင့်မည်ဖြစ်ကြောင်း၊ ယခုအသင်းကို ပဏာမ ကစားသမား ၂၅ဦးဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်နေကြောင်း၊ ထို ၂၅ ဦးထဲမှ အောင်ကျော်မိုး၊ ဇော်လင်းထွန်းနှင့် ဇော်ထက်အောင်တို့ သုံးဦးမှာ ဒဏ်ရာများ ရရှိထားကြောင်း။

"မိမိအနေဖြင့် အသင်းကို တစ်ဦးကောင်းထက် အသင်းလိုက်ကစားတာကို ဦးစားပေးကစားမည်ဖြစ်ကြောင်း၊ အသင်းကို ၄-၄-၁-၁ (သို့)၄-၄-၂ ဖြင့် ကစားမည်ဖြစ်ကြောင်း၊ နောက်တန်းနှင့်အလယ်တန်းကိုလေးယောက်စီထားပြီး တိုက်စစ်၌ တိုက်စစ်မှူးတစ်ဦးကို ရှေ့ဆုံး၌ တည်ထားပြီး နောက်တိုက်စစ်မှူးတစ်ဦးက နောက်မှ ရံပြီး လိုက်ကစားမည်ဖြစ်ကြောင်း၊ မိမိရွေးချယ်ထားသော ၂၅ဦးထဲမှ အလယ်တန်းမှ ကစားသမားများသည် တိုက်စစ်၌ ကစားတတ်သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် အပြီးသတ်စာရင်းကို ကစားကွက်နှင့် အံဝင်သူ၊ အသင်းအတွက် အားထားရသူများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

လေ့ကျင့်ပေးလျက်ရှိသော ပဏာမကစားသမား ၂၅ ဦးမှာ ဂိုးသမား-အောင်အောင်ဦး၊ ထွန်းထွန်းလင်း၊ ကျော်မင်းလှိုင်၊ နောက်တန်း-မင်းသူ၊ ဟန်ဝင်းအောင်၊ စိုးမြတ်မင်း၊ ဇော်လင်းထွန်း၊ ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း၊ စိုးလင်းထွန်း၊ အောင်ဇော်မျိုး၊ အလယ်တန်း- အောင်ကျော်မိုး၊ ဇော်ဇော်၊ စန်းမောင်၊ မာလ၊ ဘိုဘိုအောင်၊ ထွန်းထွန်းဝင်း၊ မောင်မောင်အောင်၊ မျိုးမင်းထွန်း၊ ကျော်ဇင်ဝင်း၊ ရှေ့တန်း-ရန်ပိုင်၊ ဇော်ထိုက်၊ ထွန်းမင်းဦး၊ နိုင်ဝင်းနှင့် ထွန်းမင်းနိုင်တို့ ဖြစ်ကြသည်။ အဆိုပါအသင်းကို နည်းပြချုပ် ဦးတင်ဟန်၊ နည်းပြ ဦးတင်မြင့်အောင်နှင့် ဦးကြည်လွင်၊ ဂိုးနည်းပြ ဦးစိုးမောင်မောင်ဦးတို့က လေ့ကျင့်ပေးလျက်ရှိသည်။ (ကြေးမုံ)

နည်းပြ ဦးတင်မြင့်အောင်က ကိုယ်တိုင်ကိုယ်ကျ သင်ကြားပေးလျက်ရှိသည်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း လေ့ကျင့်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပန်းတနော်မြို့နှင့် ညောင်တုန်းမြို့များ၏ စည်ပင်သာယာရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးဖြည့်ဆည်း

ရှေးဦးစွာ ဝန်ကြီးသည် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများ၊ တာဝန်ခံအင်ဂျင်နီယာများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများအား တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများက မြို့နယ်အလိုက်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆွေးနွေးသည်။ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က လက်ရှိဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် ကျောင်းကလေးကျေးရွာအုပ်စု သိမ်ကုန်းစံပြကျေးရွာသို့ သွားရောက်၍ ကျေးလက်အိမ်ရာစီမံကိန်းအရ ဆောက်လုပ်နေသော ကျေးလက်အိမ်ရာကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်လမ်းများကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရေးဖြေစာမေးပွဲအောင်စာရင်းနှင့် လူတွေ့ စစ်ဆေးခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ MRTV-4 အတွက် ခေါ်ယူထားသော ရုပ်သံကျွမ်းကျင်(၂)၊ (လစာနှုန်း ကျပ် ၅၄၀၀-၁၀၀-၅၉၀၀) ရာထူးအတွက် ရေးဖြေစာမေးပွဲ အောင်စာရင်းနှင့် လူတွေ့မေးမြန်းမည့် အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ၂၀-၇-၂၀၀၄ ရက်နေ့မှစ၍ ကြေညာထားပါသည်။

၂။ နယ်မှ ဖြေဆိုထားသူများအနေဖြင့် အောင်စာရင်းနှင့် လူတွေ့မေးမြန်းမည့် အစီအစဉ်ကို ဖုန်း- ၅၃၇၆၈၅၊ ၅၂၇၁၂၂၊ လိုင်းခွဲ ၁၄၄ နှင့် ၁၄၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ လူတွေ့ လာရောက်ဖြေဆိုသူများသည် ဖြေဆိုမည့်နေ့တွင် ပညာအရည်အချင်း အောင်လက်မှတ်မူရင်း၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များကို တစ်ပါတည်း ယူဆောင်လာရမည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား။

ပြန်ကြားရေးဝန်ကြီးဌာန၊ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

1. Wed offset Ink

(1) Black	-	8700 Kg
(2) Yellow	-	1200 Kg
(3) Magenta	-	1700 Kg
(4) Cyan	-	1900 Kg

2. Sheetfed offset Ink

(1) Black	-	900 Kg
(2) Yellow	-	600 Kg
(3) Magenta	-	700 Kg
(4) Cyan	-	400 Kg
(5) Green	-	909 Kg

3. Negative Plates & Chemicals

(1) 915x 626x0.3 mm	-	1400 Shts
(2) 1035x740x 0.3 mm	-	300 Shts

4. Positive Plates & Chemicals

(1) 740x615x0.3mm	-	300 Shts

5. Wipe On Aluminium & Chemicals

(1) 635x 745x 0.24mm	-	6400 Shts
(2) 650x550x0.24mm	-	16150 Shts

၂။ တင်ဒါပေးသွင်းမှုကို ၆-၈-၂၀၀၄ရက် (၁၆း၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅

သားသားအတွက် မွေးနေ့ဆုမွန်

မောင်သန်းထူးအောင် (2nd Years BBA, Assumption University, Thailand) ၏ ၂၅-၇-၂၀၀၄ နေ့တွင် ကျရောက်သည့် မွေးနေ့မှနောင်နှစ်ပေါင်းရာကျော်တိုင် ကျန်းမာပျော်ရွှင်စွာဖြင့် ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်ပါစေ။

ဖေဖေ-ဦးသန်းရွှေ၊
မေမေ-ဒေါ်တင်တင်အုန်း၊
ပါဝါပုဂံဟိုတယ်။

အများသိစေရန်ပြန်လည်ဖြေရှင်းချက်

(၁-၆-၂၀၀၄)၊ (၄-၆-၂၀၀၄)၊ (၂၅-၆-၂၀၀၄)၊(၂၇-၆-၂၀၀၄) နေ့စွဲများပါ ကြေးမုံ၊မြန်မာ့အလင်းသတင်းစာများပါ ဖခင် ဦးမြသန်း၏ ကြေညာချက်အား အောက်ပါအတိုင်း ပြန်လည်ဖြေရှင်းအပ်ပါသည်။

ဖခင် ဦးမြသန်း၏ ကြေညာချက်ပါ ပစ္စည်းများအားလုံးအနက်မှ အမှတ်စဉ်(၃)ပါ အမှတ်(၅၉/၆၁)၊ (လေးထပ်/၀ဲ)၊ အပေါ်ဆုံးထပ်၊ (၅၄)လမ်း၊ ဗိုလ်တထောင်မြို့နယ်ဟု ခေါ်တွင်သော တိုက်ခန်းသည်သာ ဖခင် ဦးမြသန်းအမည်ဖြင့် ပိုင်ဆိုင်ပြီး ကျန်ပစ္စည်းများသည် ကျွန်မ၏ စီးပွားရေးလုပ်ငန်းခွင်မှ ရရှိသောငွေဖြင့် ကျွန်မအမည်ပေါက် ဝယ်ယူကာ ကျွန်မ၏ လက်ဝယ်ပိုင်ဆိုင်နေသော ပစ္စည်းများဖြစ်ကြောင်း အများသိရှိစေရန် ပြန်လည်ဖြေရှင်းအပ်ပါသည်။

ဒေါက်တာမိုးကေသီ
မှတ်ပုံတင်-၁၂/ပဘတ(နိုင်)၀၁၂၁၇၃
အမှတ်(၉၉/ဘီ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဇူလိုင် ၁၉ရက်က သာကေတမြို့နယ် ကျိုက်ထီးရိုး ဝါဆိုသာသနာ့နုဂ္ဂဟဝေယျာဝစ္စအဖွဲ့မှ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ တောင်တန်းတစ်လျှောက်တွင် သီတင်းသုံး ဝါဆိုဝါကပ်တော်မူကြကုန်သော သံဃာတော် အရှင်သူမြတ်တို့ကို ဝါဆိုသင်္ကန်းနှင့် ပစ္စည်းလေးပါးတို့အား ကပ်လှူခြင်းနှင့် ရဟန်းခံရှင်ပြုပွဲတွင် ကျိုက်ထီးရိုးဆံတော်ရှင် ဂေါပကအဖွဲ့ ဦးစီးနာယကဆရာတော် ဦးနန္ဒိယအား လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရှင်သာမဏေ ဓမ္မဗိမာန် ကပ္ပိယကာရကသင်တန်း

ရန်ကုန် ဇူလိုင် ၂၄

ပစ္စည်းလေးပါးနှင့် စပ်သော သာသနာ့ဗဟုသုတနှင့် လိုက်နာဖွယ်တို့ကို နားလည်၍ အပ်အပ်စပ်စပ် စောင့်ရှောက်ခြင်းဖြင့် သံဃာတော်များ သာသနာ့တာဝန်ကို ထမ်းဆောင်ရာတွင် အထောက်အကူပြုနိုင်ရန် ကပ္ပိယကာရက သင်တန်းကို ရှင်သာမဏေ ဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့က ဓမ္မဒါန ဖွင့်လှစ်မည်။ သင်တန်းကို ဩဂုတ် ၁ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၃နာရီတွင် ပိဋကတ်ပညာရှင်များက ပို့ချပြီး လက်တွေ့ကို သံဃာတော်များ ဩဝါဒဖြင့် လေ့ကျင့်ဆောင်ရွက်မည်။ စိတ်ပါဝင်စားသူတိုင်း ရှင်သာမဏေ ဓမ္မဗိမာန်၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့မုခ်တွင် စာရင်းပေးတက်ရောက်နိုင်သည်။ (က-ပ)

ရွှေဘုန်းပွင့်စေတီတော် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၄

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ (၄၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ရက်) မွန်းလွဲ ၂နာရီတွင် ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းတစ်စုံလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်၍ ဂေါပကအဖွဲ့ရုံး ဖုန်း-၂၈၀၄၂၅ သို့လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမည်ပြောင်းခြင်း

စစ်ကိုင်းတိုင်း ကလေးမြို့ အထက(၁) ဆဋ္ဌမတန်း(B)မှ မနှင်းဝတ်ရည်အား မဆုသက်စံဟု ပြောင်းလဲခေါ်ပါရန်။

မဆုသက်စံ။



ဖျာပုံခရိုင်ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်

ဖျာပုံ ဇူလိုင် ၁၈

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်ပြီး ဖျာပုံခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက်အလှူငွေနှင့်ပစ္စည်းများ ပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါ ခန်းမ၌ ကျင်းပသည်။

လက်ခံရယူ

ရှေးဦးစွာ ဖျာပုံခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးရဲထွဋ်က အမှာစကား ပြော ကြားပြီး ဖျာပုံခရိုင် ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်အလှူငွေနှင့်ပစ္စည်း များ ပေးအပ်လှူဒါန်းရာ ဖျာပုံခရိုင် ဥက္ကဋ္ဌ၏ဇနီးမိခင်နှင့်ကလေးစောင့်ရှောက် ရေး အသင်းနာယက ဒေါ်မြမြ၊ ခရိုင် အတွင်းရေးမှူး ဗိုလ်မှူးမောင်ဌေးနှင့်ဇနီး ဒေါ်ခင်မာရီ၊ လေးမြို့နယ်မှ မြို့နယ် ဥက္ကဋ္ဌများနှင့်ဌာနဆိုင်ရာများကလက်ခံ ရယူသည်။

အလှူငွေများနှင့် ထောက်ပံ့ပစ္စည်း များ စုစုပေါင်းတန်ဖိုးကျပ်သိန်းနှစ်ရာ ကျော် တန်ဖိုးရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဗန်းမော်မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်ဇင်မာလွင်တို့ ဇူလိုင် ၇ ရက်က လမ်းပေါက်ဖာခြင်း အား ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီမြို့၌ အီလက်ထရောနစ် စာကြည့်တိုက်ဖွင့် အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်ပို့ချမည်

မြဝတီ ဇူလိုင် ၁၂

ကရင်ပြည်နယ် မြဝတီခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးတည်ထောင်ခဲ့သောမြဝတီအီလက် ထရောနစ် စာကြည့်တိုက် ဖွင့်ပွဲအခမ်း အနားကို ဇူလိုင် ၅ ရက်နံနက်၉ နာရီ က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံးဝင်းအတွင်းရှိ မြဝတီ အီလက်ထရောနစ် စာကြည့်တိုက် အဆောက်အအုံရှေ့တွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။ **(အပေါ်ဝဲပုံ)**

အခမ်းအနားတွင်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မွေး/ကုဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်က စာကြည့်တိုက်နှင့် ပတ်သက်သည်များ ရှင်းလင်းတင်ပြပြီး တက်ရောက်လာ ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက စာကြည့်တိုက်အတွင်း ကြည့်ရှုလေ့လာ ကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အခြေခံကွန်ပျူတာသင်တန်း ၁/၂၀၀၄ ကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

မဟာသုဒဿနာရာမစာသင်တိုက်၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ပြည် ဇူလိုင် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဆံတော်ရပ် မဟာသုဒဿနာရာမ စာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသေဋ္ဌိလ (မဟာဂန္ထဝါစကပဏ္ဍိတ- နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) အမှူးပြုသည့်စာချစာသင်သံဃာတော် ၂၀၀ ကျော်တို့အား စေတနာရှင်အများက ဝါဆိုသင်္ကန်းစုပေါင်းဆက်ကပ်ပွဲကို (၁၃၆၆ခု ဒုတိယဝါဆိုလပြည့်) ဇူလိုင် ၃၁ ရက် (စနေနေ့)တွင် မဟာသုဒဿနာရာမ စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းတစ်စုံလျှင်လှူဒါန်းငွေကျပ် ၃၀၀၀ နှုန်းဖြင့် ပရိယတ္တိသာသနပါလ အဖွဲ့-ဖုန်း-၀၅၃-၂၄၄၇၀၊ ၂၁၆၄၅ တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အများပြည်သူအသိပညာနှင့်ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်စာကြည့်တိုက်များသို့စာအုပ်များဖြည့်တင်းပေးလျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူ အသိပညာဖွံ့ဖြိုးကြွယ်ဝစေရေး၊ အထွေထွေဗဟုသုတ တိုးပွားစေရေးနှင့် မျိုးချစ်စိတ်ဓာတ်ထွန်းကားပြန့်ပွားစေရန်အတွက် မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များသို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံစာအုပ်များကို စဉ်ဆက်မပြတ် ဖြည့်တင်းပေးလျက်ရှိပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များသို့ ၁-၁-၂၀၀၄ ရက်နေ့မှ ၃၀-၆-၂၀၀၄ ရက်နေ့အတွင်း ပေးပို့ခဲ့သော စာအုပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စဉ်	စာအုပ်အမည်	စာရေးသူ
၁။	ကလေးများအတွက်စွယ်စုံကျမ်း	ဒေါက်တာကိုကိုကြိုင်
၂။	ကမ္ဘာကျော်ကြားစာနှင့်စကား	ခင်မျိုးချစ်
၃။	ကျန်းကျန်းမာမာအသက်(၁၀၀)	မောင်မောင်လှိုင်(အပ်စိုက်ကု)
၄။	ခေါင်းဆောင်သူ၏လက္ခဏာများ	ချစ်နိုင်(စိတ်ပညာ)
၅။	ငန်းတို့ပျံသန်းလေရာကဗျာစု	ထီလာစစ်သူ
၆။	စုစုစည်းစည်း စည်းစည်းဝေးဝေး	ခင်မောင်ညို(ဘောဂဗေဒ)
၇။	စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့်တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဆင်းပွဲများ၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းများ (၁၉၉၉ မှ ၂၀၀၄)	။
၈။	ဆုံးဖြတ်ရမည့် ဆုံးဖြတ်ချက်များ	ခင်မောင်ညို(ဘောဂဗေဒ)
၉။	တပ်မတော်နေ့(တော်လှန်ရေးနေ့)စစ်ရေးပြ အခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းများ(၂၀၀၀ ပြည့်နှစ် ၅၅ နှစ်မြောက် တပ်မတော်နေ့မှ ၂၀၀၄ ခုနှစ်၊၅၉နှစ်မြောက်တပ်မတော်နေ့အထိ)	။
၁၀။	တိုက်ပွဲဝင်အမေ	တင်မောင်မြင့်
၁၁။	ထာဝရအောင်မြင်ရေးနီတိများ	တူဒေးအယ်ဒီတာအဖွဲ့
၁၂။	နလုံးသားမြို့ဟောင်းတစ်နေရာနှင့် အခြားဝတ္ထုတိုများ	ခင်ခင်ကျော်(ပညာရေး)
၁၃။	နှင်းဆီညနှင့်အခြားလူငယ်ဝတ္ထုတိုများ	စိုးတင့်ထူး
၁၄။	နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး "ပုဂံလူထုအစည်းအဝေး"	ပြန်ဆက်စာတည်းအဖွဲ့
၁၅။	နွေတံခါး	မောင်ထွန်းသူ
၁၆။	ပရိသတ်ရှေ့မှာဟောပြောနည်း	လယ်တွင်းသားစောချစ်
၁၇။	ပင်လယ်ပျော်မော်ကင်း	တက္ကသိုလ်ကိုလတ်
၁၈။	ပညာသိုက်	သိုက်စိုး
၁၉။	ပန်းပျိုးအလှပန်းအလှ	သန်းအောင်(အညာမြေ)
၂၀။	ပုဂံနောက်ခရီးတစ်ခေါက်	ဒေါက်တာသက်လွင်
၂၁။	ဖယောင်းရုပ်နှင့်သံသွန်းရုပ်ပြဇာတ်များ	ဇင်မင်း(သမိန်ထော)
၂၂။	ဗုဒ္ဓသာသနာကို ကမ္ဘာကသိစေခဲ့သောမြန်မာများ	မောင်ဇေယျာ
၂၃။	မမအင်ဂျင်နီယာနှင့်ရတနာပန်းကလေးများ	ဇေယျာမျိုး
၂၄။	မန္တလေးလမ်းညွှန်(၂၀၀၄)	။
၂၅။	မြေတူမြို့	မောင်ကျော်ရှင်း
၂၆။	မြို့ပြမြေယာဈေးကွက်နှင့်ဆွဲဆောင်မှုများ	အောင်နိုင်မြင့်
၂၇။	မြန်မာနိုင်ငံငှက်များ	ကျော်ညွှန့်လွင်-ခင်မမသွင်
၂၈။	မြန်မာ့သမိုင်းကြောင်းကိုပြန်ပြောင်းလေ့လာသော်	ထီလာစစ်သူ
၂၉။	မြန်မာ့မှတ်သုန်	နိုင်ရွှေမိုး
၃၀။	ယနေ့မြန်မာအတွဲ(၆)အမှတ်(၃)	ပြန်/ဆက်စာတည်းအဖွဲ့
	ယနေ့မြန်မာအတွဲ(၇)အမှတ်(၁)	။
၃၁။	ရဲရဲရင်ဆိုင်ဖြတ်သန်းခြင်း	ချစ်နိုင်(စိတ်ပညာ)
၃၂။	ရန်ကုန်လမ်းညွှန်(၂၀၀၄)	။
၃၃။	လောကဝတ်နဲ့အောင်မြင်သူတို့ရဲ့အမူအကျင့်	ကိုနေ(မန်း)
၃၄။	လူကောင်းလူတော်မှန်းရည်မျှော်	ဒေါက်တာအောင်ကျော်
၃၅။	သူတို့ဘာကြောင့်အောင်မြင်	ပြန်/ဆက်စာတည်းအဖွဲ့
၃၆။	သူတို့နှင့်ကျွန်တော်	အောင်သင်း
၃၇။	AIDS to Learner's of English	Htin Lin
၃၈။	Myanmar Today Vol(6), No.(3)	
	Vol. (7), No.(1)	ပြန်/ဆက်စာတည်းအဖွဲ့

Local Service Only
Salary in Kyats

Amazing Holidays Co., Ltd is seeking suitable candidates to fill the following vacancies in its Hotels & Restaurants:

Hotel Manager	M	Team Leader (Front Office)	M / F
Restaurant Manager	M	Team Leader (F&B)	M / F
Finance Manager	M / F	Team Leader (Laundry)	M / F
Duty Manager (Front Office)	M / F	Accountant	M / F
F&B Manager	M	Engineer	M
